www.burmeseclassic.com



နှတ်ဝှက်တဲ့ ပန်း

ILLUSTRATOR

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# နတ်ဝှက်တဲ့ ပန်း



ILLUSTRATOR
AUGUST 2010

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ▸ ၅၀၀၃၂၁၀၃၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ▸ ၅၀၁၂၂၁၁၁၁၀

ပထမအကြိမ် ▸ (၂၀၁၁၊ ဇန်နဝါရီလ)

အုပ်ရေ ▸ ၅၀၀

မျက်နှာဖုံး ▸ ချမ်းမှိုင်းအောင်

ကွန်ပျူတာစာစီ ▸ Quality

အတွင်းဖလင် ▸ Quality

ပုံနှိပ်သူ ▸ နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်)၊ (၀၈၂၇၇)၊
အမှတ် (၁၂၁)၊ အလုံလမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသူ ▸ မခင်မာရွှေ၊ (၀၃၉၀၅) (မြဲ)
အမှတ် (၅၀၈/၅၁၂)၊ ၂-ခ (ပထမထပ်)၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
(သရဖီကွန်ဒို)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

တန်ဖိုး ▸ ၁၂၀၀

---

နွေတာမာန် ၈၉၅.၈၃

နတ်ဝှက်တဲ့ပန်း/နွေတာမာန်။ ရန်ကုန်၊
ဆုပြည့်စုံထွန်းစာပေ၊ ၂၀၁၀။
၁၃၁ - စာ၊ ၁၂ X ၁၈ စင်တီ။
(၁) နတ်ဝှက်တဲ့ပန်း

BURMESE CLASSIC .com

တ

# အပိုင်း ( ၁ )

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ချိန်းထားတဲ့အချိန်က နီးကပ်နေပြီ။

သူမက ချိန်းထားတဲ့နေရာကိုရောက်ဖို့ တစ်မိုင်လောက်လိုနေသေးသည်။ မော်တော်ဆိုင်ကယ်ကို တစ်နာရီကီလိုလေးဆယ်နှုန်းမောင်းရင်တော့ ရောက်နိုင်ပါရဲ့။ ကီလိုလေးဆယ်နှုန်းဆိုတာ နည်းနည်းတော့ကြောက်စရာကောင်းသည်။

ဒါပေမဲ့ မတတ်နိုင်တော့ပါ။

ချိန်းထားတဲ့နေရာကို ချိန်းထားတဲ့အချိန် တိတိကျကျရောက်ဖို့ အမြန်မောင်းမှဖြစ်တော့မည်။

သူမက ဆိုင်ကယ်ကိုအရှိန်မြှင့်လိုက်သည်။

မော်တော်ဆိုင်ကယ်လေးက လမ်းမကြီးအတိုင်းတရိပ်ရိပ်ပြေးနေ၏။

"အို ..."

ရှေ့တွင် ဆိုင်းသံဗုံသံများနှင့်အတူ လူအုပ်ကြီးတစ်စုကိုတွေ့လိုက်ရသည်။

အလျင်လိုမှအနှေးဖြစ်ရပြန်ပြီ။ အလျှုလှည့်တာနဲ့ လာတိုးနေပြန်ပြီကော။





သူမက "ကျွတ်"ခနဲစုပ်သပ်ကာ ဆိုင်ကယ်ကို လမ်းကြားလေးထဲသို့ ချိုးချလိုက်ရလေ၏။

လမ်းမကြီးမှာက ရှင်လောင်းလှည့်လာသော အလှူတန်းကြီးက အရှည်ကြီး။ ရှင်လောင်းတစ်ပါးစီကို မြင်းတစ်စီးစီပေါ်တင်ကာ လှည့်လာခြင်းဖြစ်သည်။ အိုးစည်ဒိုးပတ်ဝိုင်းတွေ၊ ကွမ်းတောင်ကိုင်ပန်းတောင်ကိုင်တွေနှင့် ရှည်လျားလှသောအလှူတန်းကြီးမှာ တော်တော်နှင့်ဆုံးမည်မဟုတ်ပေ။ လမ်းနှစ်ဖက်စလုံးက ယာဉ်တွေကို ယာဉ်ထိန်းရဲတွေက တားထားကြသည်။

လမ်းကြားလေးထဲကဖြတ်ထွက်ရင်လည်း သူမ.သွားချင်တဲ့ ကန်တော်ကြီးပန်းခြံကိုတော့ ရောက်တာပါပဲ။

သူမက လမ်းကြားလေးအတိုင်း ဆိုင်ကယ်ကိုဆက်မောင်းလာလိုက်သည်။ လမ်းကကျောက်လမ်းဖြစ်၍ ကြမ်းလွန်းသောကြောင့် ဆိုင်ကယ်လေးမှာ တလှုပ်လှုပ်ယိမ်းနေသည်။ ဆိုင်ကယ်အရှိန်ကိုလည်း လျှော့ပစ်လိုက်ရသည်။

လမ်းကြားလေးက တစ်ဖာလုံလောက်ရှည်ပါသည်။ ဘေးတစ်ဖက်တစ်ချက်မှာ အိမ်တွေကပ်နေသောကြောင့် လမ်းကကျဉ်းနေခြင်းဖြစ်သည်။

လမ်းကျဉ်းလေးကို ငါးမိနစ်ခန့်ဖြတ်သန်းလိုက်ရသည်။

လမ်းကျဉ်းလေးမှအထွက်တွင် သူမမှာ ဆိုင်ကယ်အရှိန်ကို မြှင့်လိုက်လေသည်။

လမ်းကျဉ်းလေးထဲမှထွက်၍ ညာဘက်ကို ကွေ့ချိုးလိုက်သည်။

ထိုစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



လမ်းမကြီးတစ်ဖက်မှ အရှိန်ပြင်းစွာမောင်းလာသော လိုက်ထရပ်ကားတစ်စင်း၏ဦးခေါင်းနှင့် သူမ၏ဆိုင်ကယ်တို့မှာ တည့်တည့်မတ်မတ် ခေါင်းချင်းဆိုင်မိရက်သား ဖြစ်သွားကြသည်။

သူမက ဆိုင်ကယ်ကို လမ်းညာဘက်ခြမ်းသို့ကွေ့ကာ ဘရိတ်ကိုလည်း ဆောင့်နင်းလိုက်သည်။

တစ်ဖက်မှ လိုက်ထရပ်ကားကလည်း လမ်းကြားထဲမှထွက်လာသောသူမဆိုင်ကယ်ကိုအမြင်တွင် အလန့်တကြားဖြင့်ဘရိတ်ကို ဖမ်းဆွဲလိုက်ရာ ကတ္တရာလမ်းနှင့် ကားဘီးပွတ်ဆွဲသံက ရှည်လျားစွာပေါ်ထွက်လာလေ၏။

သို့ရာတွင် နှစ်ဖက်စလုံးက အရှိန်ပြင်းပြင်းနှင့် မောင်းလာကြသောကြောင့် မည်သို့ပင် ရှောင်တိမ်းကာ ဘရိတ်ဆွဲကြပါသော်လည်း ရှောင်မလွတ်နိုင်ဖြစ်သွားရလေပြီ။

သူမ၏မော်တော်ဆိုင်ကယ်လေးသည် ထရပ်ကား၏ခေါင်းပိုင်းဘေးဖက်သို့ရှပ်တိုက်မိသွားသည်။ ဆိုင်ကယ်က ဘေးစောင်းတိုက်ခပ်ဝေးဝေးအထိ ပြေးသွားသေးသည်။ သူမကတော့ ဆိုင်ကယ်ပေါ်မှကျကျန်ရစ်ခဲ့လေသည်။

သူမ၏ဦးခေါင်းနှင့် ကတ္တရာလမ်းတို့ ပြင်းထန်စွာတိုက်မိသောကြောင့် ဆောင်းထားသော ဟဲလ်မက်ဦးထုတ်မှာ ကွဲကြေသွားလေသည်။ သူမသည်လည်း ကတ္တရာလမ်းတလျှောက် လျှောတိုက်လွင့်စင်သွားကာ ပလက်ဖောင်းနှင့်ထိတွေ့မှပင် ရပ်တန့်သွားတော့၏။

မြင်ကွင်းကိုမြင်လိုက်ရသော လမ်းဘေးတစ်ဖက်တစ်ချက်အိမ်များရှိ လူတို့၏အော်သံက ပတ်ဝန်းကျင်ကို လွှမ်းသွားလေသည်။





အိမ်တစ်အိမ်ရှေ့မြေကွက်လပ်တွင် ကြက်တောင်ရိုက်ကစားနေကြသောမောင်နှမတစ်စုက ထိုနေရာကိုပြေးလာကြ၏။

အခြားလူများလည်း ယာဉ်တိုက်မှုဖြစ်သည့်နေရာသို့ ပြေးလာကြသည်။

လိုက်ထရပ်ကားက မောင်းပြေးသွားလေပြီ။

ကူညီရန်လာရောက်သူများသည် ဦးခေါင်းမှ သွေးများယိုစီးကျကာ သွေးအိုင်ထဲတွင် မလှုပ်မယှက်လဲနေသော သူမကို တွေ့လိုက်ရလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၂ )

နေလင်းစိုး သိပ်စိတ်မရှည်ချင်တော့။

သူ ထိုင်စောင့်နေတာကြာပြီ။

သူမသည် သူ့ကို ပညာပြပြန်ပြီထင်သည်။

ကိုးနာရီတိတိ အရောက်လာပါမယ်လို့ ပြောထားတဲ့သူမ။ ချိန်းထားချိန်ထက် ငါးမိနစ်ပင်စွန်းသွားပြီ။ ရောက်မလာသေး။

နေလင်းစိုးက အရှေ့ဘက်သို့ မကြာမကြာ မျှော်ကြည့်နေမိသည်။ မော်တော်ဆိုင်ကယ်များ၊ ကားများ ဥဒဟိုဝင်လာနေသည်။

ဗ ဂဏန်းနှင့်စသော ဆိုင်ကယ်များလည်း ပါသည်။

သူမက သူ့ကို သူမစီးလာမည့် မော်တော်ဆိုင်ကယ်နံပါတ်ကို ပြောပြထားပြီးဖြစ်သည်။ ဆိုင်ကယ်က ရှုပါကပ်နိုင်တီ၊ နံပါတ်က ၁/ယ။ ဗ်နှင့်စပြီး ၉နှင့်ဆုံးသော ဆိုင်ကယ်ဖြစ်သည်။

နေလင်းစိုးသည် မနက် ၈နာရီကတည်းက ဒီနေရာကိုရောက်နေကာ သူမကို စောင့်မျှော်နေခြင်းဖြစ်ပါသည်။ ဝင်လာသမျှ ဆိုင်ကယ်များကို မျှော်မျှော်ကြည့်ကာ နံပါတ်ကို လှမ်းလှမ်းမှတ်ရသည်မှာလည်း အမော။



www.burmeseclassic.com

www.burmeseclassic.com



ယခုထိတော့ ဗြဂဏန်းနှင့်စသော ဆိုင်ကယ်များကို တွေ့ရသော်လည်း ထိုဆိုင်ကယ်များက သူ့ရှေ့တွင်ရပ်မလာ။ ဆက်၍ မောင်းနှင်သွားကြသည်ကိုသာ တွေ့ရသည်။

ချိန်းထားချိန် ကိုးနာရီတိတိအထိတော့ နေလင်းစိုးစိတ်ရှည်ပါသေးသည်။ ကိုးနာရီကျော်လာတော့ စိတ်မရှည်ချင်တော့။

သူမ ပညာပြပြန်ပြီထင်သည်။

ဒါမှမဟုတ် သူမထုံးစံအတိုင်း ပဟေဠိဆန်အောင်လုပ်နေပြန်ပြီလား။

သူမနှင့်စပြီး သိရကတည်းက ပုစ္ဆာဆန်ခဲ့သောမိန်းကလေး။ သုံးလအတွင်းမှာ သူမက သူ့ကို ပုစ္ဆာပေါင်းများစွာပေးခဲ့သည်။ ပဟေဠိပေါင်းများစွာမေးခဲ့သည်။

ယခုအထိ သူမနာမည်ကို နေလင်းစိုးမသိရသေး။

ယခုချိန်းဆိုထားသည်မှာလည်း သူမနှင့် ပထမဆုံးအကြိမ်တွေ့ဆုံခြင်းပင်ဖြစ်ပါသည်။

သူမနာမည်အမှန်ကိုလည်း နေလင်းစိုးမသိရသေးသလို၊ သူမကိုလည်း နေလင်းစိုး မမြင်ဖူးသေးပါ။

သူမက သူ့ဆီကိုဓာတ်ပုံငါးပုံတော့ ပို့ပေးခဲ့ဖူးပါသည်။

သို့သော် ထိုဓာတ်ပုံများသည် . . .

နေလင်းစိုးက သူမကိုမျှော်နေရင်းမှ သူ့ဘဝထဲကို သူမဝင်လာခဲ့ပုံများကို ပြန်တွေးနေမိလေတော့သည်။

☼





ဟန်းဖုန်းမှ ခေါ်သံမြည်လာသည့်အတွက် နေလင်းစိုးက ဖုန်းကို ဖွင့်လိုက်သည်။ ဖုန်းမျက်နှာပြင်တွင်ပေါ်နေသော နံပါတ်ကိုကြည့်လိုက်တော့ သူမသိသောနံပါတ် ဖြစ်နေသည်။

နေလင်းစိုးက စကားပြောခလုတ်ကိုနှိပ်၍ ပြန်ထူးလိုက်သည်။

"ဟယ်လို . . . နေလင်းစိုးစကားပြောနေပါတယ် ခင်ဗျာ"

"ဟုတ်ကဲ့ ကိုနေလင်းစိုး၊ ကျွန်မတို့အိမ်က ကွန်ပြူတာကို လာပြင်ပေးနိုင်မလားရှင်"

"ဗျာ"

နေလင်းစိုး ရုတ်တရက်တော့ ကြောင်သွားသည်။ ပြီးတော့မှ သူယခင်လုပ်ခဲ့သည့် ကွန်ပြူတာဆားဗစ်ကုမ္ပဏီက ဖောက်သည်ဟောင်းတစ်ယောက် ဖြစ်နိုင်တာကိုတွေးမိ၏။

"ဩော် . . . ဘယ်သူပါလိမ့်၊ ကျွန်တော် ဒယ်လ်တာကွန်ပြူတာဆားဗစ်မှာ မလုပ်တော့ပါဘူးခင်ဗျာ"

"ဟင် . . . ဟုတ်လား။ သူငယ်ချင်းတစ်ယောက်က ကိုနေလင်းစိုးရဲ့ဗစ်ဇစ်တင်းကတ်ပေးပြီး ဖုန်းဆက်ခေါ်ရင်ရတယ်လို့ ပြောလိုက်လို့ပါ"

"ဒယ်လ်တာမှာ မလုပ်တော့ပေမယ့် ဖုန်းဆက်ခေါ်ရင်တော့ အိမ်တိုင်ရာရောက် လိုက်ပြင်ပေးပါတယ်ခင်ဗျာ၊ အခု ကျွန်တော် မန္တလေးမှာ မဟုတ်ဘူးခင်ဗျ။ ရန်ကုန်ခဏရောက်နေလို့"

တစ်ဖက်က ခေတ္တမျှ အသံတိတ်ဆိတ်သွားသည်။

"ဒါဆိုလည်း ကိစ္စမရှိပါဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"သုံးလေးရက်နေရင် ကျွန်တော် မန္တလေးကိုပြန်ရောက်မှာပါ၊ ပြန်ပြီး ဆက်သွယ်လိုက်မယ်လေ"

"အင်း . . . ဟုတ်ကဲ့၊ လိုအပ်ရင် ကျွန်မကပဲ ပြန်ပြီးဆက်ပါ့မယ်။ အဲဒါပဲနော်၊ ကျေးဇူးပဲ"

တစ်ဖက်က ဖုန်းကိုအရင်ချလိုက်သည့်အတွက် နေလင်းစိုး ဆက်ပြောလို့ မရတော့ပေ။

သူ့အလုပ်က ကွန်ပြူတာနှင့် ကွန်ပြူတာဆက်စပ်ပစ္စည်းများ ဖြစ်သော ပရင်တာတို့၊ စကင်နာတို့ မော်နီတာတို့ကို အိမ်တိုင်ရာရောက် လိုက်ပြင်ပေးသည့်အလုပ်ဖြစ်သည်။ ယခင်ကတော့ ဒယ်လ်တာဆိုသည့် ကွန်ပြူတာပြုပြင်ရောင်းဝယ်ရေးကုမ္ပဏီတစ်ခုမှာ သူအလုပ်လုပ်ခဲ့ပါသေးသည်။ ဖုန်းဆက်သူသည် ဒယ်လ်တာမှာသူလုပ်စဉ်က ရိုက်ထားသော ဗစ်ဇစ်တင်းကတ်ကိုကြည့်၍ သူ့ကိုဖုန်းဆက်ခေါ်ခြင်းပင်ဖြစ်၏။ ကတ်ပေါ်မှာ သူ့ရဲ့ ကိုယ်ပိုင်ဟန်းဖုန်းရော၊ ကုမ္ပဏီပိုင်ဖုန်းများပါ ရိုက်နှိပ်ထားပါသည်။ ပြီးတော့ သူ့ရဲ့ ကိုယ်ပိုင် အီးမေးလ်လိပ်စာကိုလည်း ရိုက်ထားသေးသည်။

သို့သော် ဒယ်လ်တာကုမ္ပဏီက ယခုမရှိတော့။ ကုမ္ပဏီကို ဖျက်သိမ်းပစ်လိုက်ပြီ။ ကုမ္ပဏီဖျက်သိမ်းလိုက်သည့်အတွက် သူလည်း အလုပ်နားလိုက်ရခြင်းဖြစ်ပါသည်။

လောလောဆယ် ရန်ကုန်ရောက်နေရခြင်းမှာလည်း မန္တလေးတွင်လာဖွင့်မည့် ကွန်ပြူတာကုမ္ပဏီတစ်ခုက အလုပ်ခေါ်ထား၍ အင်တာဗျူးဖြေရန် ရောက်နေခြင်းဖြစ်ပါသည်။





ဒယ်လ်တာကုမ္ပဏီ မရှိတော့သော်လည်း ယခင်ဖောက်သည် အဟောင်းများက ကွန်ပြူတာပြင်လို၍ ဖုန်းဆက်ခေါ်လျှင် နေလင်းစိုးက အိမ်တိုင်ရာရောက် လိုက်ပြင်ပေးမြဲဖြစ်ပါသည်။

အခုနက ဖုန်းဆက်လိုက်သည့် မိန်းကလေးသည် သူ့အသိ မိတ်ဆွေတစ်ယောက်ယောက်က အသိပေးလိုက်၍ သူ့ကိုဖုန်းနှင့် ဆက်သွယ်ခြင်းပဲဖြစ်လိမ့်မည်။

နေလင်းစိုးက ဖုန်းမျက်နှာပြင်တွင်ပေါ်နေဆဲဖြစ်သော တစ်ဖက်မှဆက်သည့်ဖုန်းနံပါတ်ကို ပြန်ကြည့်လိုက်သည်။ ဖုန်းနံပါတ်အရ တစ်ဖက်မှဆက်သော ဖုန်းအမျိုးအစားမှာ ဂျီအက်စ်အမ်ဖုန်းပင်ဖြစ်ပါသည်။

သူ့နားထဲတွင် မန္တလေးမှဖုန်းဆက်လိုက်သောမိန်းကလေးအသံ ချိုချိုက စွဲ၍ကျန်ရစ်ခဲ့သည်။ နာမည်ကိုလည်း မမေးဖြစ်လိုက်၊ ဘယ်မှာ နေတယ်ဆိုတာလည်း မမေးဖြစ်လိုက်ပေ။

နေလင်းစိုးက သူ့ဆီဖုန်းဆက်သည့် မိန်းကလေး၏ဖုန်းနံပါတ်ကို သူ့ဟန်းဖုန်းထဲတွင် Saveလုပ် သိမ်းဆည်းထားလိုက်၏။ နာမည်ကို ဘယ်လိုမှတ်ရမလဲတွေးတော့ သူမ၏သီချင်းသံဆိုနေသလို အသံချိုချိုလေးကို ကြားလိုက်ရ၍ Melody (သီချင်းသံစဉ်)ဟု ရိုက်ထည့်ထားလိုက်သည်။

မန္တလေးပြန်ရောက်မှ မှတ်သားထားသော ဖုန်းနံပါတ်ကို ပြန်ခေါ်ပြီး ဆက်သွယ်ကြည့်ပါတော့မည်။

သူမ ပထမဆုံးအကြိမ် ဆက်သွယ်ကတည်းက သူမကစတင်၍ အဆက်အသွယ်ဖြစ်တောက်သွားပါလျှက် . .



www.burmeseclassic.com

www.burmeseclassic.com



သူမအသံလေးကိုစွဲလမ်းကာ သူမဖုန်းနံပါတ်ကို မှတ်သားထားမိသည့်ကပင် သူ့ကိုယ်သူ သူမရှေ့မှာ လည်စင်းပေးခဲ့သလိုဖြစ်ခဲ့မှန်း နေလင်းစိုး နောင်မှပင်သိရပါတော့သည်။

အဘယ်ကြောင့်ဆိုသော် ထိုမိန်းကလေးသည် သူ့ကို အမျိုးမျိုးလှည့်စားဖျားယောင်းပြီး အရှုးလုပ်တတ်သည့် မိန်းကလေးတစ်ယောက် ဖြစ်လာသောကြောင့်ပင်။

☼ ☼ ☼

မနက်လေးပြန်ရောက်သည်နှင့် နေလင်းစိုးက သူမှတ်သားထားသောဖုန်းနံပါတ်ကို လှမ်းဆက်လိုက်လေသည်။

"ဟယ်လို . . ."

မိန်းကလေး၏ အသံချိုချိုက ဖုန်းခွက်မှတစ်ဆင့် သူ့နားထဲသို့ ဝင်လာလေသည်။

"ကျွန်တော် နေလင်းစိုးပါ"

"ရှင် . . ."

"ကျွန်တော် နေလင်းစိုးပါ၊ လွန်ခဲ့တဲ့သုံးရက်က အဲဒီက ကွန်ပြူတာလာပြင်ပေးဖို့ဆက်ဖူးလို့ပါ"

တစ်ဖက်မှ ရယ်သံလွင်လွင်ထွက်လာသည်။

"ဪ . . . ကွန်ပြူတာပြင်တဲ့ ကိုနေလင်းစိုးကို။ ဆောရီးရှင် အားနာလိုက်တာ၊ အိမ်ကကွန်ပြူတာ ပြင်ပြီးသွားပြီရှင့်၊ ဖေဖေက ဆိုင်ကိုယူသွားပြီး ပြင်လိုက်တယ်"

"ဪ . . . ဟုတ်ကဲ့၊ နောင်လိုအပ်ရင် ကျွန်တော့်ကို ဆက်သွယ်လို့ရပါတယ်၊ ကျွန်တော် ဒီဖုန်းပေါ်မှာ အမြဲရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘုတ်ကဲ့ပါ"

"နာမည် ဘယ်လိုခေါ်သလဲဟင်"

"ရှင် . . ."

တစ်ဖက်က အာမေဋိတ်သံပြုရင်းမှ ခေတ္တအသံတိတ်သွား၏။

ခဏနေတော့ ရယ်သံလွင်လွင်ထွက်လာပြီး . . .

"ဘာလဲ ကိုနေလင်းစိုးက ကျွန်မနာမည်သိချင်လို့ ဖုန်းဆက်တာလား"

"မဟုတ်ပါဘူးဗျာ၊ ကွန်ပြူတာပြင်ဖို့ လိုအပ်သေးတယ်ထင်လို့ ဆက်မေးလိုက်တာပါ၊ နာမည်ကတော့ ဒီလိုပဲ မေးရတော့ပေါ့"

တစ်ဖက်က ရယ်နေပြန်သည်။

"ကိုနေလင်းစိုးနဲ့ကျွန်မနဲ့ လုပ်ငန်းချင်းမှ မပတ်သက်သေးပဲ နာမည်သိစရာလိုလို့လား"

"မပြောချင်လည်း နေပါဗျာ၊ ကျွန်တော်က လူမှုရေးအရ မေးတာပါ၊ ကျွန်တော် ဖုန်းသရဲမဟုတ်ပါဘူး"

"အဟင်း . . . ဟင်း . . . ကိုနေလင်းစိုးက ဖုန်းသရဲမဟုတ်ပေမဲ့ ကျွန်မကတော့ ဖုန်းသရဲလုပ်လိုက်တော့မယ်"

"ဗျာ . . ."

"ဒီလိုလုပ်လေ တို့နာမည်သိချင်ရင် မနက်ဖန်ညသ၂နာရီ တိတိ ဖုန်းဆက်လိုက်မယ်၊ စောင့်နေပေါ့နော်"

တစ်ဖက်က ဖုန်းချသွားလေပြီ။

နေလင်းစိုး ငေးကြောင်လျက် ကျန်ခဲ့သည်။

☼ ☼ ☼

နောက်တစ်နေ့သည ၁၂နာရီတိတိအချိန်တွင် ကောင်မလေးဖက်မှ တကယ်ကို ဖုန်းဆက်လာခဲ့ပါသည်။

"ကျွန်မနာမည်ကို သိချင်စိတ်ရှိသေးရဲ့လားဟင်"

"သိပ်သိချင်တာပေါ့ဗျာ"

"ဒါဖြင့် ကျွန်မနာမည်ပြောမယ်၊ ကျွန်မနာမည်က ပန်းတစ်မျိုးရဲ့နာမည်ပဲ၊ ရှင့်ဟာရှင်ဖော်ပေတော့"

"ဟင် . . . ခင်ဗျားက ကျွန်တော့်ကို ပဟေဠိလုပ်နေတာလား"

"ဒါပေါ့ ရှင်ပဲ ကျွန်မနာမည်ကို မေးတယ်လေ၊ အလွယ်တကူတော့ ဘယ်သိရမလဲရှင့်၊ နည်းနည်းတော့ဈေးကိုင်ပြီး ပဟေဠိဝှက်ဦးမှဖြစ်မှာပေါ့၊ ဒါပေမဲ့ ဘာမှုမခက်ပါဘူး၊ ပန်းတစ်ပွင့်နာမည်ကို စဉ်းစားတာများ ဘာခက်လို့လဲ"

"ပန်းတစ်ပွင့်နာမည်၊ ဒါဖြင့် ကျွန်တော်ဖော်ကြည့်မယ်လေ"

"ဖော်ပေါ့"

"နှင်းဆီ"

"နှင်းဆီဆိုတာ အမေခန်းကပါနေတဲ့ ရုပ်ရှင်မင်းသမီးပြေပဲ၊ ကျွန်မ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သဇင်"

"သဇင်က ကျွန်မ မဟုတ်ဘူးလေ၊ သီချင်းဆိုတဲ့ကောင်မလေး နာမည်ပဲ"

"စံပယ်"

"မဟုတ်သေးဘူး"

"ခရေ"

"လုံးဝမဟုတ်"

"ပိတောက်၊ ငု"

"လုံးဝပဲ"

"အတိတ်စိမ်းတစ်ခုပေးဗျာ၊ ရာသီအလိုက်ပွင့်တဲ့ပန်းလား၊ အမြဲပွင့်တဲ့ပန်းလား"

"အဲ . . . ကျွန်မနာမည်နဲ့ပန်းက . . . အမြဲပွင့်တဲ့ပန်းရှင့်၊ လွယ်လွယ်လေးပါ၊ စဉ်းစားပါဦး"

"ချယ်ရီ"

"မဟုတ်သေးဘူး"

"မေမြို့ပန်း"

"နာမည်ကို မမေမြို့လို့ ဘယ်သူက မှည့်မှာလဲရှင့်"

"မေတစ်လုံးတည်းမှည့်လို့ ရတယ်လေ"

"အဲဒါလည်း မဟုတ်သေးပါဘူး"

"ဖွန်"

"ကျွန်မက ဂျူလိုင်လမွေးတာလေ၊ မှည့်မယ့်မှည့် ဖူလိုင်လို့ပဲမှည့်မှာပေါ့"





နေလင်းစိုးက သူ့ခေါင်းထဲမှာပေါ်လာသမျှ ပန်းတွေနာမည်ကို စဉ်းစားသည်။ ပန်းတွေအကြောင်းပါသည့် ကဗျာတွေ သီချင်းတွေကို လည်းရွတ်ကြည့်သည်။

"ကြက်ရုံး"

"အမလေး ကြောက်စရာကြီး၊ မိန်းကလေးနာမည်ထဲမှာ ကြက်ဆိုတာကြီးပါအောင် ထည့်မှည့်ရင်တော့ ရယ်စရာကိုရှိမှာ မဟုတ်တော့ဘူး"

သူမနှင့်အတူ နေလင်းစိုးလည်း ရယ်လိုက်ရသေးသည်။

"ဒါပဲနော် ခွေးသေးပန်းတို့၊ ခေါင်းရမ်းပန်းတို့တော့ ထည့်မပြောနဲ့၊ ခေါင်းရမ်းပန်းက မသာတွေကိုပန်တဲ့ပန်း"

"ဝူး ခင်ဗျားနာမည်စဉ်းစားရတာလဲ ခက်လိုက်တာဗျာ၊ ဒီတိုင်းပြောလိုက်တော့ ဘာဖြစ်မှာမို့လို့လဲ"

"ရှင် ကျွန်မနာမည်ကို စွဲစွဲလန်းလန်း မှတ်မိသွားစေချင်လို့ စဉ်းစားခိုင်းနေတာပါ"

"ကဲ ဒီလိုဆိုရင် ပန်းနာမည်တွေ တန်းစီပြီးရွတ်မယ်ဗျာ၊ ခင်ဗျားနာမည်ပါသွားရင် အိုကေလို့ပြောလိုက်ပေတော့ သော်က၊ ဂမုန်း၊ ဒေါနု၊ နေကြာ၊ ဇီဇဝါ . . ."

"ဆောရီး မောင်လေး၊ တစ်ခုမျှ မဟုတ်ပါဘူးကွယ်၊ ဒီနေ့တော့ အချိန်စေ့သွားပြီမောင်လေးရေ၊ နောက်နေ့မှ ဆက်စဉ်းစားပေတော့နော်၊ ဂွတ်နိုက်"

"ဟော့ . . . ဟော့ . . . နေပါဦး"



www.burmeseclassic.com

www.burmeseclassic.com



နေလင်းစိုးက 'တားလိုက်သော်လည်း တစ်ဖက်ကဖုန်းချသွားလေပြီ။ သူမဖုန်းကို နေလင်းစိုးထပ်နှိပ်ပြီးခေါ်သော်လည်း သူမကဖုန်းကိုမကိုင်တော့ပါ။

နောက်တစ်ခါထပ်ခေါ်တော့ ဖုန်းစက်ကို ပိတ်ပစ်လိုက်လေ၏။

နေလင်းစိုး မချင့်မရဲဖြစ် ကျန်ခဲ့ရလေတော့သည်။

☼ ☼ ☼

နောက်တစ်နေ့မှာလည်း ည၁၂နာရီတိတိမှာ ဖုန်းမြည်လာပါသည်။

"ဘယ်နှုလဲ မောင်လေး၊ မမနာမည်ကို စဉ်းစားလို့ရပြီလား"

နေလင်းစိုးက အတွေးထဲမှာပေါ်လာသည့် ပန်းနာမည်များကို တစ်ခုပြီးတစ်ခု ရွတ်ပြလိုက်သည်။

"စိတ်မကောင်းပါဘူး မောင်လေးရယ်၊ ပန်းတွေအမျိုးမျိုးကို ဒါလောက်လေ့လာထားတာတောင် မမနာမည်တစ်ခုမှ မပါဘူး"

"နေပါဦး ... ခင်ဗျားအသက်အရွယ်ကရော ဘယ်နနှစ်ရှိပြီလဲ"

သူကိုယ်သူ 'မမ' လို့သုံးနှုန်းနေ၍ နေလင်းစိုးက မေးလိုက်ခြင်းဖြစ်သည်။

သူမ ပြန်ဖြေလိုက်သောအဖြေက နေလင်းစိုးမျက်ခုံးများကို ပင့်တက်သွားစေခဲ့ပါသည်။

"၉၁နှစ်"

"ဘာ ..."

"မောင်လေးအသက်ကရော"

"၂၃နှစ်"



www.burmeseclassic.com

www.burmeseclassic.com



“ဟင် … သုံးဆယ့်နှစ်နှစ်ဆိုတော့ ငယ်ငယ်လေးရှိသေးတာပဲ”

“၂၃နှစ်ပါဗျ၊ ဩော် … ဩော် … သိပြီ၊ ခင်ဗျားက ပြောင်းပြန်တွေ တစ်လှည့်ပြီးပြောနေတာကို။ ဒါဆို ခင်ဗျားအသက်က ၃၉နှစ်ပေါ့ ဟုတ်လား”

“မဆိုးဘူး၊ မောင်လေး တဖြည်းဖြည်း သဘောပေါက်လာပြီ။ [illegible]နည်းအမှန်သိရအောင်သာ ဆက်ကြိုးစားပေတော့”

“ခင်ဗျား ကျွန်တော့်ကို တစ်ခုလောက်ထပ်ပြီး အတိတ်စိမ်း ပေးဗျာ”

“အတိတ်စိမ်း … ဟုတ်လား။ ရှင်နဲ့ခုလို ဖုန်းပြောနေတာကကို အတိတ်စိမ်းတစ်ခုပဲ”

“ဟင် …”

“ကဲ မောင်လေးရေ ဆက်ပြီးစဉ်းစားပေတော့၊ ကြိုးစားပါဦး ကွယ် … အချိန်တွေရှိပါသေးတယ်”

* * *

သူနဲ့လာတွေ့ပါမယ်လို့ ချိန်းဆိုတဲ့အချိန်ထိအောင် နေလင်းစိုး သူမနာမည်ကို မသိခဲ့ရပါ။

နေလင်းစိုးက မြန်မာနိုင်ငံမှာပွင့်တဲ့ပန်းတွေသာမက နိုင်ငံခြားမှာသာရှိသော ပန်းအမျိုးအမည်များကို ပြောသော်လည်း သူပြောသော ပန်းအမည်တွေထဲက တစ်ခုမှ သူမအမည်မဟုတ်ပါဟု ငြင်းဆိုခဲ့လေသည်။

သူမသည် နေလင်းစိုးဆီကိုတော့ ညစဉ်မှန်မှန်ဖုန်းဆက်လေ့ရှိသည်။

နေလင်းစိုးကို ပဟေဠိမျိုးစုံပေးကာ ကလိနေလေ့ရှိသည်။

နေလင်းစိုးသည်လည်း ဘယ်လိုစွဲဆောင်မှုကြောင့်မသိ။ သူမကို မမြင်ဖူးပါပဲနှင့် စွဲလန်းနေမိသည်။ သူမဆီကဖုန်းကို အချိန်တန်လျှင် မျှော်လင့်နေမိမြဲဖြစ်သည်။

နေလင်းစိုးက ည၁၂နာရီမဟုတ်သော နေ့လယ်နေ့ခင်းအချိန်များတွင် သူမထံဖုန်းဆက်သည့်အခါတိုင်း သူမက ဖုန်းကိုမကိုင်ပေ။ ညရောက်လို့ သူမဖုန်းဆက်ချိန်တွင် နေ့ခင်းပိုင်းဖုန်းမဆက်ရန် တားမြစ်တတ်သည်။

နေလင်းစိုးက တစ်မျိုးလှည့်ကာ ကြံခဲ့သေးသည်။

ဆုံပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

"တွန့်တော် ကွန်ပြူတာပြင်ပေးလိုက်တဲ့ ခင်ဗျားသူငယ်ချင်းက ဘယ်သူလဲ"

"ဘာဖြစ်လို့မေးတာလဲ"

"ဪ . . . သူ့ကွန်ပြူတာကို သွားပြီးစစ်ဆေးပေးမလို့ပါ"

"လုပ်မနေနဲ့ . . . သူ့ဆီကတစ်ဆင့် ကျွန်မဘယ်သူဆိုတာ စုံစမ်းမလို့ မဟုတ်လား။ ဒီမယ်မောင်လေး မမနာမည်ကိုသာ မှန်အောင် ခေါ်စမ်းပါကွယ်၊ မမနာမည်ကို မင်းဖော်နိုင်တာနဲ့ မင်းကို မမတွေ့ခွင့်ပေးမှာပါ"

သူမက နေလင်းစိုးအကြံကို ကြိုသိနေပြန်သည်။

"ခင်ဗျားနာမည်က ပန်းနာမည်ဆိုတာရော တကယ်ဟုတ်ရဲ့လားဗျာ"

"ဪ . . . မောင်လေးရယ် မမက အဖြေမထွက်တဲ့ပုစ္ဆာမျိုးကို မထုတ်ပါဘူးကွဲ့၊ အခုပုစ္ဆာက မမထုတ်ထားတဲ့ပုစ္ဆာလည်း မဟုတ်ဘူး၊ မမအဖေက မမကို မွေးကတည်းက ပေးထားတဲ့နာမည်၊ မယုံရင် မောင်လေးပန်းပေးတဲ့တစ်နေ့ကျ မှတ်ပုံတင်ရော၊ အိမ်ထောင်စုစာရင်းရော ပြပါ့မယ်၊ ကျေနပ်ပြီလား"

"ဒါဆို ပန်းပေးပြီဗျာ"

"အို . . . ဒါလောက်လည်း အားမလျှော့နဲ့လေ၊ ယောကျ်ားတို့လုံ့လဆိုတာ သေခါမှလျှော့ရတာတဲ့၊ ကြိုးစားလိုက်ပါဦး မောင်လေးရယ်၊ ဟင်း . . . ဟင်း . . ."

☼ ☼ ☼

သူမနှင့်ဆက်သွယ်မိပြီး တစ်လကြာချိန်တွင် ရန်ကုန်မှာ အင်တာဗျူးသွားဖြေထားသောအလုပ်မှ ခန့်အပ်ခြင်းခံရသည်။ မန္တလေးမှာအသစ်လာဖွင့်သည့် "Hideway" အမည်ရှိ ကွန်ပြူတာကုမ္ပဏီတွင် အလုပ်ရခဲ့ခြင်းဖြစ်ပါသည်။

နေလင်းစိုးက သူအလုပ်ဝင်နေပြီဆိုတာကို သူမအား ပြောပြလိုက်သည်။

"ဒါဆိုအတော်ပဲ၊ ကျွန်မ ရှင့်ကိုလာချောင်းကြည့်လို့ရတာပေါ့၊ ရှင်တို့ကုမ္ပဏီလိပ်စာပြောပါဦး"

နေလင်းစိုးက လမ်း၃၀ အရှေ့ခြမ်းမှ ကုမ္ပဏီလိပ်စာကို ပြောပြလိုက်သည်။

နောက်တစ်နေ့တွင် . . .

"ရှင်က ဘယ်ဆိုးလို့လဲ၊ ရှင်က ရုပ်လည်းချောတယ်၊ အရပ်လည်းမြင့်တယ်နော်"

"ခင်ဗျား ကျွန်တော့်ကို လာကြည့်ပြီးပြီပေါ့၊ ဘယ်တုန်းက လာကြည့်လိုက်တာလဲဗျာ၊ မနေ့ကမှ ကျွန်တော့်ရုံးလိပ်စာပြောဖြစ်တယ်၊ ဒီနေ့မြင်ဖူးနေပြီဆိုတော့ ဒီနေ့ခင်းပဲ လာကြည့်လိုက်တာပေါ့၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မှန်တာပေါ့ရှင်"

နေထင်ဆိုးက ပြန်စဉ်းစားကြည့်သည်။ ဒီနေ့ရုံးကို အဝင် အထွက်လုပ်တဲ့ မိန်းကလေးများကို ပြန်မြင်ယောင်ကြည့်သည်။

"မျက်စိထဲပြန်မြင်ကြည့်မနေနဲ့ ပေါ်လာမှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ရှင့်ဆိုင်ထဲကို မျက်နှာဖုံးစွပ်ပြီးလာတာ"

"ဗျာ ..."

"Mask စွပ်လာတဲ့မိန်းကလေးနှစ်ယောက်ကို ရှင်သတိပြုမိချင်လည်း ပြုမိမှာပေါ့၊ အဲဒီထဲမှာ ကျွန်မပါတယ်လေ၊ ဟဲဟဲ ..."

ဆိုင်ကယ်စီးသည့်အခါတွင် ဖုန်ထူသောမန္တလေး၏ ဖုန်မှုန့်များ အထိမှသက်သာစေရန် နှာခေါင်းနှင့်ပါးစပ်ကို ပိတ်စည်းသော Maskများ ကိုတပ်၍ စီးလေ့ရှိပါသည်။ နားရွက်နှစ်ဖက်တွင် အဝတ်ကြိုးစဖြင့် စည်းထားပြီး ပိတ်ပါးစက နှာခေါင်းနှင့်ပါးစပ်တဝိုက်လုံးကို ဖုံးနေစေပါ သည်။ မျက်နှာကိုမမှတ်မိအောင် ရုပ်ဖျက်သည့်သဘော သက်ရောက် သောကြောင့် ယာဉ်ထိန်းရဲများစစ်ဆေးသည့်အခါ၌ Maskတပ်ထားလျှင် အရေးယူခံရတတ်သည်။

နေ့လယ်က ဆိုင်ကယ်ကိုယ်စီနှင့် မိန်းကလေးနှစ်ယောက် ဆိုင်ကယ်ပေါ်ကဆင်းလာပြီး ဆိုင်ထဲဝင်လာသည်။ Maskများကို ဆိုင်ထဲ ရောက်တဲ့အထိ ချွတ်မပစ်ကြ။ ဆိုင်ထဲမှပစ္စည်းများကို အတန်ကြာလှည့် ပတ်ကြည့်ပြီးမှပြန်သွားတာကို ပြန်ပြီးစဉ်းစားမိလိုက်သည်။

ဩော် ... အဲဒီနှစ်ယောက်ထဲမှာ သူပါတယ်ပေါ့။





"ခင်ဗျားဖက်က အမြဲခြေတစ်လှမ်းကျော်နေပါလား။ ကျွန်တော် ကတော့ ခင်ဗျားနာမည်လေးတောင် သိခွင့်မရဘူးဆိုတော့ ခင်ဗျားနှိပ် စက်တာ လွန်လွန်းပြီထင်တယ်"

"အလို မနှိပ်စက်ရပါလား။ နာမည်လေးဖော်နိုင်တာနဲ့ တွေ့ ခွင့်ပေးပါမယ်ဆိုထားသားပဲ၊ ဒါဖြင့် ဒီလိုလုပ်လေ၊ တရားမျှတရာကျ သွားအောင် ကျွန်မက ရှင့်ကို မြင်ဖူးပြီးသားဆိုတော့ ရှင်ကျွန်မကို မြင်ဖူးအောင် ဓာတ်ပုံပို့ပေးရမလား"

"ဟား ... ကောင်းတာပေါ့ဗျာ၊ ဒါ့ထက်ကောင်းတဲ့ အစီအစဉ် မရှိတော့ဘူး"

"ဒါပေမဲ့ ဓာတ်ပုံမြင်မှ ရှင်စိတ်ပျက်သွားမှာစိုးတယ်ရှင်၊ ကျွန်မ ဓာတ်ပုံမြင်လိုက်ရင် ရှင် ကျွန်မကိုဖုန်းဆက်မှာတောင် မဟုတ်တော့ပါဘူး။ ကျွန်မက ရုပ်ဆိုးတယ်ရှင့်၊ သိရဲ့လား"

"မယုံပါဘူးဗျာ၊ ဘယ်လောက် ရုပ်ဆိုးဆိုးဗျာ၊ ကျွန်တော် ခင်ဗျားကို အသံကြားရုံနဲ့တင် စွဲနေပြီ၊ ဓာတ်ပုံလေးသာပို့ပေးပါဗျာ၊ ဓာတ်ပုံကိုင်ပြီး ခင်ဗျားကို မတွေ့တွေ့အောင်လိုက်ရှာမယ်"

"တကယ်"

"တကယ်ပေါ့"

"ဓာတ်ပုံကို ဘယ်လိုပို့ပေးရမှာလဲ"

"စာတိုက်ကပို့ပေါ့"

"စာတိုက်က မပို့ချင်ပါဘူး။ ရှင့်မှာ အီးမေးလ်လိပ်စာရှိတယ်ဆို"

"ဟာ ... ဟုတ်တယ်၊ အီးမေးလ်နဲ့ပို့တာ အကောင်းဆုံးပဲ၊ ကျွန်တော့်ပစ်စ်ဇ်တင်းကတ်ထဲက အီးမေးလ်လိပ်စာနှစ်ခုမှာ ရှေ့ကတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ဏ ဏ္ဍန်တော့်အိမ်ကို တိုက်ရိုက်ရောက်တဲ့လိပ်စာပဲ၊ ကျွန်တော် ရှတ်ပြမယ် … … …"

နေလင်းစိုးက သူ့ကိုယ်ပိုင်အီးမေးလ်လိပ်စာကို ရွတ်ပြလိုက်သည်။

"ဟုတ်ပါပြီ၊ ကျွန်မမှာ ကတ်ပြားရှိပါသေးတယ်"

"ခင်ဗျားမှာလည်း အီးမေးလ်ရှိတယ်ပေါ့၊ ခင်ဗျားအီးမေးလ် လိပ်စာလေးလည်း ပြောပါဦး"

"ဟင့်အင်း … ကျွန်မအိမ်မှာ အီးမေးလ်မတပ်နိုင်ပါဘူးရှင်၊ အပြင်ဆိုင်တစ်ဆိုင်ကနေ ပို့မှာပါ"

နောက်တစ်ရက်ခြား၌ နေလင်းစိုး၏အီးမေးလ်ထဲသို့ တကယ်ပင် ဓာတ်ပုံတစ်ပုံ ရောက်ရှိနေပါသည်။

ရုံးမှအပြန် ကွန်ပြူတာကို ဖွင့်ကြည့်လိုက်ရာ အီးမေးလ်တစ်စောင်လက်ခံထားသည်ကိုတွေ့ရ၏။ ဓာတ်ပုံဖိုင်တစ်ခုဖြစ်သည်။ ပို့သည့်နေရာက ကွန်ပြူတာစင်တာတစ်ခု၏ အငှားအီးမေးလ်တစ်ခုဖြင့် ပေးပို့လိုက်ခြင်းဖြစ်သည်။

နေလင်းစိုးက သူ့ကွန်ပြူတာထဲရောက်နေသော ဓာတ်ပုံဖိုင်ကို ရင်ခုန်စွာဖြင့် ဖွင့်ကြည့်လိုက်လေသည်။

ဓာတ်ပုံသည် ကွန်ပြူတာမြင်ကွင်းနှင့် အပြည့်ပေါ်လာလေ၏။

"အောင်မယ်လေးဗျာ …"

ဓာတ်ပုံကိုမြင်လိုက်သည်တွင် နေလင်းစိုးက အလန့်တကြား အော်လိုက်မိလေတော့သတည်း။

☼ ☼ ☼

ဓာတ်ပုံက တစ်ပုံတည်းဖြစ်သည်။ မိန်းကလေးတစ်ယောက်၏ ကိုယ်တစ်ပိုင်းပုံပင်ဖြစ်ပါသည်။

သို့သော် ထိုမိန်းကလေးသည် …

နဖူးကြီးအဆမတန် မောက်နေလေ၏။ နဖူးကြီးမောက်နေပုံမှာ ပန်ချာပီဗောင်းထုတ်ကြီးစွပ်ထားသလို ရှေ့ကိုတစ်ထွာလောက် ဖူးထွက်နေခြင်းဖြစ်သည်။

နဖူးမောက်နေသည့်အတွက် မျက်လုံးများက အတွင်းသို့ခွက်ဝင်နေသည်။ နှာခေါင်း၊ ပါးစပ်အနေအထားများက သာမန်မျှသာဖြစ်သော်လည်း မောက်နေသောနဖူးကြီးကြောင့် ရုပ်ဆိုးလှပေသည်။

ဘုရားရေ အသံလေးကြောင့် သူစွဲလန်းမိတဲ့မိန်းကလေးဟာ ဒါလောက်တောင် အရုပ်ဆိုးရသလား။

"ဘယ့်နှယ်လဲ ရှင် ကျွန်မကို တော်တော်စိတ်ပျက်သွားပြီလား"

ညကျတော့ ထုံးစံအတိုင်း ဖုန်းဝင်လာသည်။

"စိတ်မပျက်ပါဘူးဗျာ၊ ဒါ ခင်ဗျားပုံ အစစ်မဟုတ်ဘူးဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို . . . ဓာတ်ပုံကို လက်တွေ့မြင်နေရတာတောင် ရှင်က ကျွန်မတို့ အထင်ကြီးနေတုန်းလား။ တခြားလူတစ်ယောက်ပုံကို ပို့ပေးတယ်ထင်လို့လားဟင်"

"တခြားလူတစ်ယောက်ပုံ မဟုတ်ပါဘူး။ ဒါ ခင်ဗျားပုံပါပဲ၊ ဒါပေမဲ့ ဒီပုံရဲ့နောက်ကွယ်က ခင်ဗျားအလှတွေကို ကျွန်တော်မြင်နေရတယ်"

"ဟယ် . . . ဘဝင်တောင် မြင့်ချင်သွားပြီ"

"တကယ်ပါဗျာ၊ ကျွန်တော့်အတွက် နောက်တစ်ပုံလောက် ထပ်ပို့ပေးပါဦး"

"နောက်တစ်ပုံ"

"ဟုတ်တယ်၊ နောက်‌ ၊ပ်တစ်ပုံလောက် ကြည့်ချင်သေးတယ်"

"ဒါဆို တစ်ပတ်လောက် ရှင်စောင့်ရလိမ့်မယ်၊ ကျွန်မက မုန့်ဖိုးသိပ်ရတာ မဟုတ်ဘူးရှင့်၊ ဓာ ပုံရိုက်ဖို့ပိုက်ဆံက စုရဦးမှာ"

"ကျွန်တော် တစ်ပတ်စောင့်နိုင်ပါတယ်ဗျာ၊ ပို့မှာသာပို့ပေးပါ"

နောက်တစ်ပတ်အကြာတွင် သူမ၏ဓာတ်ပုံတစ်ပုံ ရောက်လာပြန်သည်။ ဓာတ်ပုံရှင်မှာ ပထမဓာတ်ပုံထဲက မိန်းကလေးပင်ဖြစ်ပါသည်။

သို့သော် . . .

သည်တစ်ခါတော့ သူမ၏နှာခေါင်းကြီးသည် ရှေ့သို့အဆမတန်ရှည်ထွက်နေလေသည်။ ရှည်ထွက်ရုံသာမက အောက်သို့ပင်စိုက်နေလိုက်သေးသည်။ သိမ်းငှက်တစ်ကောင်၏နှုတ်သီးနှင့် တူလွန်းလှပေ၏။





"ဘယ့်နှယ်လဲ နှမ္မးမောက်မောက် နှာယောင်ကောက်ကောက်ဟာသူ့ယုတ်မာရဲ့ အမှတ်အသားတွေတဲ့၊ ကျွန်မလိုမိန်းမယုတ်ကို ရှင် အသိမလုပ်ချင်ပါနဲ့တော့ ကိုနေလင်းစိုးရယ်"

"မဟုတ်ဘူး၊ ကျွန်တော်က အဲဒီလိုအသိရခက်ပြီး ပုဏ္ဏာဆန်တဲ့မိန်းကလေးတွေကိုမှ စိတ်ဝင်စားတာ၊ သူတို့ဘဝအမှန်ကို ဖော်ရတာကျွန်တော်ပျော်တယ်ဗျာ၊ ခင်ဗျားကိုလည်း အဲဒါကြောင့် ကျွန်တော်စိတ်ဝင်စားတာ"

"ကျွန်မကို စိတ်ဝင်စားတယ်"

"ဟုတ်တယ်၊ စိတ်ဝင်စားရုံတင် မဟုတ်ဘူး၊ နောက်ထပ်ဓာတ်ပုံတစ်ပုံလောက် ထပ်ပို့ပေးမယ်ဆိုရင် ခင်ဗျားကိုကျွန်တော်ချစ်တောင် ချစ်သွားမိလိမ့်မယ်ဗျာ"

"အို . . . ကိုနေလင်းစိုးရဲ့စိတ်က ထူးဆန်းလိုက်တာနော်၊ ဒါလောက် ရုပ်ဆိုးတဲ့ကျွန်မကို ချစ်တောင်ချစ်မိဦးမယ်တဲ့လား"

"ဟုတ်ပါတယ်ဗျာ၊ အခုကို ချစ်နေမိပါပြီ၊ ကျွန်တော့်ကို နောက်ထပ်ဓာတ်ပုံတစ်ပုံ ပို့ပေးလိုက်ပါဦး မမရယ်"

"ဒါဖြင့် ဓာတ်ပုံရိုက်ဖို့ ပိုက်ဆံစုလိုက်ဦးမယ်၊ တစ်ပတ်စောင့်လိုက်ပေဦး"

www.burmeseclassic.com

www.burmeseclassic.com

နေလင်းစိုး ဓာတ်ပုံများကိုကြည့်ပြီး စိတ်ပျက်မသွားခြင်းမှာ အကြောင်းရှိပါသည်။ သူကိုယ်တိုင်ကွန်ပြူတာ ကျွမ်းကျင်သူတစ်ဦးမို့ ဓာတ်ပုံတွေကို ကွန်ပြူတာပညာဖြင့် ပုံဖျက်ထားတာကို သိနေသော ကြောင့်ပင်။

သူ့ကိုပို့လိုက်သည့်ဓာတ်ပုံများမှာ သာမန်မျက်နှာတွင် နဖူးနေရာ၊ နှာခေါင်းနေရာများကို အကြီးချဲ့၍ ပြန်ပြီးဆက်စပ်ထားခြင်းသာ ဖြစ်ပါသည်။ ကွန်ပြူတာဓာတ်ပုံပညာဖြင့် ဖြတ်ညှပ်ကပ်လုပ်ကာ ပြုပြင်ထားသော ဓာတ်ပုံများဖြစ်ပါသည်။

နေလင်းစိုးက ဓာတ်ပုံနှစ်ပုံကိုကြည့်ရုံဖြင့် မိန်းကလေး၏ ကွန်ပြူတာကျွမ်းကျင်မှုကို သတိပြုမိသည်။ ဒီပုံတွေကို သူမကိုယ်တိုင်ပြုပြင်ထားတာပဲဖြစ်မယ်လို့ ယုံကြည်သည်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ပထမဆုံးဆက်သွယ်လာတာကိုက သူမအိမ်မှ ကွန်ပြူတာကို ပြုပြင်ပေးဖို့ ဆက်သွယ်ခြင်းဖြစ်သည်။ သည်တော့ သူမသည် အိမ်တွင် ကိုယ်ပိုင်ကွန်ပြူတာထားရှိသော မိန်းကလေးတစ်ယောက်ဖြစ်ရမည်။

သူမပို့ပေးသော အီးမေးလ်လိပ်စာများကတော့ တစ်ပုံကို တစ်နေရာစီမှဖြစ်နေပါသည်။ ဒါကတော့ သူမအိမ်မှာ အီးမေးလ်တပ်ဆင်





မထားလို့လည်း ဖြစ်ချင်ဖြစ်မည်။ အိမ်ကအီးမေးလ်ဖြင့်ပို့လျှင် နေလင်းစိုးက ခြေရာခံလိုက်မှာစိုးရိမ်လို့လည်း ဖြစ်နိုင်ပါသည်။

မည်သို့ပင်ဆိုစေ ကွန်ပြူတာကိုကိုယ်ပိုင်ထားရှိပြီး ကျွမ်းကျင်စွာ ကိုင်တွယ်သုံးစွဲနိုင်သည့်မိန်းကလေး၊ လက်ကိုင်ဖုန်းကိုယ်ပိုင်ထားနိုင်သည့် မိန်းကလေးတစ်ယောက်၏ အဆင့်အတန်းမှာ နိမ့်လှမည်မဟုတ်ပါပေ။

နေလင်းစိုးက ကိုယ်တိုင်ကွန်ပြူတာသမားမို့ ကွန်ပြူတာပညာများအသုံးပြုပြီး ပဟေဠိတွေဖွက်နေသောမိန်းကလေးကို ပိုပြီးစိတ်ဝင်စားလာခြင်းပင်ဖြစ်ပါသည်။

ပြီးတော့ ထိုမိန်းကလေးကိုယ်တိုင်ကလည်း သူ့အပေါ်မှာ စိတ်ဝင်စားမှု ရှိနေတယ်ဆိုတာကို နေလင်းစိုးရိပ်မိထားသည်။

သူမသည် သုံးလအတွင်းတွင် နေလင်းစိုးဆီကို ညစဉ်ဖုန်းဆက်ခဲ့သည်။ နေလင်းစိုးရုံးခန်းထဲအထိရောက်လာပြီး သူ့ကိုလာကြည့်ခဲ့တာကိုလည်း သူမကိုယ်တိုင်ပြောပြပြီးဖြစ်သည်။

ဒါတွင်မကသေး . . .

''ကိုနေလင်းစိုးက ထမင်းချိုင့်မယူဘူးလား။ နေ့တိုင်း ရှမ်းဆိုင်မှာပဲ ထမင်းဝယ်စားနေကျလား''

''ဗျာ . . . ကျွန်တော် ဒီနေ့ ရှမ်းဆိုင်မှာထမင်းစားတာကို ခင်ဗျားက သိနေတယ်''

''အို . . . သိတာပေါ့၊ ရှင်ထမင်းစားနေတုန်း ကျွန်မတောင် အဲဒီဆိုင်က ဟင်းဝင်ဝယ်သွားသေးတယ်''

''ဟိုက်''

နေလင်းစိုး ကိုယ့်နဖူးကိုယ် ရိုက်ခဲ့ရပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေ့လယ်က ကွန်ပြူတာရေးရောင်းပွဲတော်မှာ ပရင်တာအသစ်အကြောင်းကို နေလင်းစိုးရှင်းပြတာ သိပ်ကောင်းတာပဲနော်"

"ခင်ဗျားက ဘယ်ကမြင်လိုက်တာလဲ"

"အို ... နားထောင်နေတဲ့လူတွေထဲမှာ ကျွန်မပါတယ်လေ၊ ဟီ ... ဟီ ..."

"ဟောဗျာ"

သူမကို အထင်သေးလို့မရတော့ပါ။

တစ်ခါကလည်း ဆီဒိုးနားဟိုတယ်မှာပြုလုပ်သည့် ကွန်ပြူတာပညာနှီးနှောဖလှယ်ပွဲတွင် နေလင်းစိုးက ခေါင်းစဉ်တစ်ခုယူ၍ဟောပြောရသည်။

ညကျတော့ သူမက နေလင်းစိုးဟောပြောခဲ့သည့် ဘာသာရပ်ထဲမှ မရှင်းသည့်အချက်များကို ဖုန်းဆက်၍ မေးမြန်းနေပါတော့သည်။

"ဒါဖြင့် ဆီမီနာမှာ ခင်ဗျားရှိနေတယ်ပေါ့၊ အမေးအဖြေကဏ္ဍလုပ်ပေးထားသားပဲ၊ အဲဒီတုန်းက ဘာဖြစ်လို့ထ,မမေးတာလဲ"

"ကျွန်မကို ရှင်ရိပ်မိသွားမှာစိုးလို့ပေါ့၊ ကျွန်မထ‌ဆွေးနွေးရင် ကျွန်မနာမည်ကို ပြောရတော့မယ်လေ၊ အသံထွက်ပြီးမေးရင် ကျွန်မဆိုတာ ရှင်သိသွားမှာပေါ့၊ ဒါဆိုရင် ကျွန်မဝှက်ထားတဲ့ပဟေဠိတွေကို ကျွန်မကိုယ်တိုင်ပြန်ဖော်သလိုဖြစ်နေမှာပေါ့ မောင်လေးရဲ့"

သူမသည် နေလင်းစိုးပတ်ဝန်းကျင်၌ အမြဲရှိနေခဲ့သည်။

သူက ကိုယ့်ကိုသိပြီး ... ကိုယ်က သူ့ကိုမသိတာ အတော်တော့ခံပြင်းဖို့ကောင်းပါသည်။





သူမက နေလင်းစိုးလှုပ်ရှားမှုအားလုံးကို သိနေသည်။ နေလင်းစိုးကတော့ သူမနာမည်လေးကိုတောင် မဖော်နိုင်သေး။

ဒါကြောင့် နေလင်းစိုးက သူမဆီမှစာတိပ်ပုံများကို ထပ်ပြီးတောင်းခံလိုက်ခြင်းပဲဖြစ်ပါသည်။

သူမပို့ပေးမယ့်ဓာတ်ပုံတွေဟာ ရုပ်ဖျက်ထားပြီးသားပုံတွေ ဖြစ်မယ်ဆိုတာ နေလင်းစိုးသိပါသည်။

အဲဒီရုပ်ဖျက်ထားတဲ့ဓာတ်ပုံတွေထဲကပဲ သဲလွန်စရှာကာ သူမဘယ်သူဆိုတာဖော်ထုတ်ဖို့ နေလင်းစိုးက ဆုံးဖြတ်ထားခြင်းပဲဖြစ်ပါသည်။

ကဲ ...မိန်းကလေးရေ၊ မင်းကပဲ ပဟေဠိဆန်နိုင်မလား၊ ငါကပဲဖော်ကောင်လုပ်နိုင်မလား၊ တို့နှစ်ယောက် ပညာပြိုင်ကြတာပေါ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

သူမဆီက နောက်ထပ်ဓာတ်ပုံသုံးပုံ လက်ခံရရှိခဲ့ပါသည်။

သူမက တစ်ပတ်ကိုတစ်ပုံနှုန်းဖြင့် နေလင်းစိုး၏ အီးမေးလ်ထဲသို့ ပုံများပို့ပေးခဲ့ခြင်းဖြစ်သည်။

မြှော်လင့်ထားသည့်အတိုင်း ရုပ်ဖျက်ထားသည့်ပုံများပင် ဖြစ်ပါသည်။

ပထမပုံတွင် ဓာတ်ပုံထဲမှမိန်းကလေး၏မျက်လုံးနှစ်လုံးမှာ ရှေ့သို့ အဆမတန် ပြူးထွက်နေလေသည်။

နောက်တစ်ပတ်မှာ ရောက်လာသည့်ပုံ၌ ထိုမိန်းကလေး၏ ပါးစပ်မှာ နားရွက်နှစ်ဖက်ကို တက်ချိတ်လုနီးပါး ပြလန်လျက်ရှိလေသည်။

နောက်ဆုံးရောက်လာသည့်ပုံထဲတွင်တော့ ဓာတ်ပုံထဲတွင်ရယ်မောနေသော သူမ၏သွားများမှာ ရှေ့သို့တစ်ထွာခန့်ခေါ်ထွက်နေလေသည်။

နေလင်းစိုးက သူလက်ခံရသမျှပုံငါးပုံကို Saveလုပ် သိမ်းဆည်းထားလိုက်သည်။

ပြီးတော့ ဓာတ်ပုံငါးပုံကို Photo Shopထဲထည့်ကာ တစ်ပြိုင်တည်း ယှဉ်ကြည့်လိုက်သည်။ ထိုအခါ အလွန်အကြူးဖြစ်အောင်ပြုပြင်





ထားသည့် အပိုင်းများကို ဖယ်ထုတ်ကြည့်မည်ဆိုလျှင် ပုံငါးပုံစလုံးသည် မိန်းကလေးတစ်ယောက်တည်း၏ ပုံများပင်ဖြစ်ကြောင်း ခန့်မှန်းလို့ရလိုက်လေ၏။

နေလင်းစိုးက ပုံတစ်ပုံချင်းကို Photo Shop ထဲဆွဲထည့်ကာ လွန်လွန်ကဲကဲဖြစ်အောင် ပြုပြင်ခဲ့တွင်ထားသည့်အပိုင်းများကို ဖယ်ထုတ်ပစ်လိုက်သည်။

နဖူးမောက်သောဓာတ်ပုံထဲမှ နဖူးအပိုင်းကို လုံးဝဖျက်ကာ ဖယ်ရှားပစ်လိုက်သည်။

နှာခေါင်းကို သိမ်းငှက်နှုတ်သီးသဖွယ်ဖန်တီးထားသည့် ဓာတ်ပုံထဲမှ နှာခေါင်းကြီးကိုလည်း ကိုက်ဖြတ်ပစ်လိုက်လေသည်။

ပုဇွန်မျက်လုံးလို ပြူးထွက်နေသည့် မျက်လုံးနှစ်လုံးကိုလည်း ကိုက်ထုတ်ပစ်လိုက်သည်။

နားရွက်နှစ်ဖက်ကို တက်ချိတ်လုနီးဖြစ်နေသည့် ပါးစပ်ပြဲကြီးပါသည့်အပိုင်းကိုလည်း ကိုက်ညှပ်ပစ်လိုက်လေသည်။

နောက်ဆုံးဓာတ်ပုံထဲမှ ခေါ်နေသောသွားကြီးများကိုလည်း ဖျောက်ဖျက်ပစ်လိုက်လေ၏။

ထိုအခါ ပုံငါးပုံထဲတွင် အလွန်အကြူးဖြစ်အောင် ဖန်တီးထားသော ရုပ်ဆိုးသည့်အပိုင်းများမှာ ပျောက်ပျက်သွားပြီး သာမန်မိန်းကလေးတစ်ယောက်၏ အင်္ဂါမစုံသောပုံများအဖြစ်သာ ကျန်ရှိနေပါတော့သည်။

နေလင်းစိုးက ပုံငါးပုံထဲမှကျန်ရှိနေသော အပိုင်းများမှာ ဓာတ်ပုံရှင်မိန်းကလေး၏ နဂိုရှိရင်းစွဲများအဖြစ် မှတ်ယူလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် ပုံငါးပုံထဲမှ ကောင်းမွန်သောအပိုင်းများကို ကိုက်ညှပ်ကာ သိမ်းခြားထိုင်တစ်ခုထဲတွင် မိတ္တူကူးယူလိုက်သည်။

မိတ္တူကူးယူထားသည့် ကောင်းမွန်သော မျက်နှာအပိုင်းအစများကို သူနေရာနှင့်သူ တစ်ဆက်တစ်စပ်တည်းဖြစ်အောင် သင့်လျော်သလို ဆက်စပ်ယူလိုက်သည်။

နဖူးကိုဖျက်ထားသည့်ပုံတွင် ကောင်းသောပုံမှ သာမန်နဖူးကို ယူပြီး ဖြည့်လိုက်သည်။

နှာခေါင်းကို ဖျက်ထားသည့်နေရာ၌ သာမန်နှာခေါင်းပါသောပုံမှ နှာခေါင်းဖြင့် ဖြည့်စွက်လိုက်သည်။

မျက်လုံးနှစ်လုံးနေရာတွင်လည်း ကောင်းသောမျက်လုံးပုံကိုလည်းကောင်း၊ ပါးစပ်ပြနေရာတွင် ကောင်းသောပါးစပ်ကိုလည်းကောင်း၊ ခေါ်သောသွားများနေရာ၌ သာမန်နှုတ်ခမ်းပုံကိုလည်းကောင်း ဖြည့်စွက်လိုက်လေသည်။

ထိုအခါ မျက်နှာအမူအရာတစ်မျိုးတည်းရှိသော မိန်းကလေးတစ်ယောက်၏ ပုံငါးပုံကို နေလင်းစိုး မြင်တွေ့လိုက်ရလေတော့သည်။ ပုံငါးပုံထဲမှမိန်းကလေး၏ မျက်နှာများမှာ မရိုးမရွဲ့တူညီနေကြပါသည်။ အပြင်မှာလည်း သူမသည် ဒီပုံတွေထဲကနှင့် မကွဲပြားလှသောပုံစံဖြင့် ရှိနေပါလိမ့်မည်။

ပုံများကိုကြည့်၍ နေလင်းစိုးကျေနပ်သွားသည်။

ရုပ်ဖျက်ထားသောအပိုင်းများကို ပြုပြင်လိုက်သည့်အခါ သူမသည် အတော်ပင်လှပသော မိန်းကလေးတစ်ယောက် ဖြစ်နေလေတော့သည်။

☼ ☼ ☼

ဓာတ်ပုံများကို ပြုပြင်လိုက်သည့်အကြောင်းကို နေလင်းစိုးက သူမကို ပြောမပြခဲ့ပါချေ။

ဓာတ်ပုံထဲမှမိန်းကလေးကို အပြင်မှာတွေ့ရအောင် နေလင်းစိုး လိုက်ရှာခဲ့သည်။ သူမနှင့်လည်း ညစဉ်လို ဖုန်းဆက်စကားပြောဖြစ်နေမြဲဖြစ်သည်။

သူမရုပ်သွင်ကို ပုံဖော်နိုင်မှပင် သူမသည် နေလင်းစိုးကျောင်းလည်း ရာပတ်ဝန်းကျင်သို့ ရောက်မလာတော့ပါ။ သို့မဟုတ် Maskတပ်ကာ ရုပ်ဖျက်ထားသောကြောင့် သူမမှန်း မသိနိုင်ခြင်းလည်း ဖြစ်နိုင်ပါသည်။

သူမ၏ရုပ်သွင်ကို ဖမ်းမိသွားချိန်မှစ၍ နေလင်းစိုး၏သူမအပေါ် စွဲလမ်းမှုမှာ ပိုသည်းလ..ာလေတော့သည်။

အသံလေးကြားရုံဖြင့် စွဲလမ်းခဲ့ရသော သူမ။ စွဲလမ်းဖွယ်သော သူမ၏ ရုပ်ရည်ကိုမြင်ရသည်တွင် သူမအပေါ်အချစ်စိတ်များ ယိုဖိတ်လာရပါလေပြီ။

ညစဉ်ဖုန်းဆက်ပြောသော စကားများထဲ၌ ချစ်ခွန်းဖွင့်ဆိုသံများ ခပ်စိတ်စိတ်ကလေး ပါလာခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ဘယ်လောက်ထိနှိပ်စက်ထားဦးမှာလဲ ခင်ဗျားကို တွေ့ချင်တော် တွေ့ချင်လှပြီ၊ ကျွန်တော် ခင်ဗျားလေးကို သိပ်ချစ်နေပြီဗျ။ သိရဲ့လား"

"ဒီကလည်း ရှင့်အခွင့်အရေးကို တားဆီးပိတ်ပင်ထားတာမှ မဟုတ်တာ ပြန်စဉ်းစားပါဦးလေ၊ ကျွန်မနာမည်ကိုဖော်နိုင်ရင် တွေ့ခွင့်ပေးမယ်လို့ ပြောထားပြီးပြီပဲ"

"ခင်ဗျားက ခက်တဲ့နာမည်ကို မှည့်ထားတာပဲဗျ"

"နာမည်ပဲ . . . ခက်တဲ့နာမည် လွယ်တဲ့နာမည်ရှိသေးလို့လား ရှင်ကြီးရယ်၊ ရှင်ကြီးဟာရှင်ကြီး မစဉ်းစားနိုင်တာများ"

"ခင်ဗျားလေး တော်တော်လက်ပေါက်ကပ်တာပဲ၊ ခင်ဗျားဖက်က ကျွန်တော့်အကြောင်း သိချင်တိုင်းသိနေရပြီး ကျွန်တော်ကတော့ ခင်ဗျားအကြောင်း ဘာမှမသိရဘူး၊ အသံပဲကြားရတယ်၊ ခင်ဗျား ကျွန်တော့်ကို ဘယ်လောက်ကြာတဲ့အထိ နှိပ်စက်ထားဦးမှာလဲဟင်၊ အခုပဲ ခင်ဗျားနှိပ်စက်ထားတဲ့ကာလက သုံးလကြာနေပြီဗျ"

"အင် . . . ဟုတ်လား၊ အချိန်ကိုပါ မှတ်ထားတာကိုး"

"ခင်ဗျားလေးကို စွဲလမ်းလွန်းလို့ မှတ်မိနေတာပါဗျာ၊ ခင်ဗျားလေး ကျွန်တော့်ဆီဖုန်းဆက်တော့ ကျွန်တော်ရန်ကုန်မှာ အင်တာဗျူး ဖြေဖို့ရောက်နေတာလေ၊ နိုဝင်ဘာလထဲမှာပေါ့၊ အခု နှစ်ကူးပြီးလို့ ဖေဖော်ဝါရီလထဲတောင် ရောက်နေပြီ၊ သုံးလရှိပြီဗျ"

"ခစ် . . . ခစ် . . . ၂၀၀၅ခုနှစ်ကနေ ၂၀၀၆ခုနှစ်ကူးသွားတာကို တစ်နှစ်လို့ထည့်မတွက်လို့ တော်သေးတာပေါ့"





"တစ်နှစ်ကြာအောင်သာ ခင်ဗျားလေး အချိန်ဆွဲထားရင် ကျွန်တော်တော့ ရူးတောင်ရူးသွားနိုင်တယ်ဗျာ"

"အို . . . အဲဒီလောက်တောင်ပဲလား။ သနားတောင်သနား သွားပြီ"

"သနားရင် တွေ့ခွင့်ပေးဗျာ"

"သည်းခံလက်စနဲ့ သည်းခံလိုက်ပါဦး မောင်လေးရယ်၊ မမ လည်း သက်ဆိုင်သူတွေဆီက အကြံဉာဏ်တောင်းလိုက်ပါဦးမယ်"

"ဘာ . . ."

"မမမှာ အုပ်ထိန်းသူတွေ အတိုင်ပင်ခံတွေရှိသေးတယ်ကွယ့်၊ သူတို့နဲ့ တိုင်ပင်လိုက်ဦးမယ်နော်၊ ဂွတ်နိုက်"

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

နေလင်းစိုးအချဲကောင်းလို့ သနားသွားတာပဲလား။ သူမရဲ့ အုပ်ထိန်းသူတွေ အတိုင်ပင်ခံပုဂ္ဂိုလ်တွေက ခွင့်ပြုလိုက်တာပဲလား မသိ။

နောက်တစ်နေ့ည ဖုန်းဆက်တော့ ကောင်မလေးက သူ့ကို တွေ့ခွင့်ပေးလိုက်လေသည်။

"တွေ့ခွင့်ပေးမယ်၊ နားထောင်ပါ၊ သေချာမှတ်၊ ပြန်မမေးနဲ့နော်၊ ဒီနေ့ ဖေဖော်ဝါရီလ ၇ရက်၊ အင်္ဂါနေ့မဟုတ်လား၊ ရှင်ကြီးကို ဖေဖော်ဝါရီလ(၁၁)ရက်၊ စနေနေ့မှာ တွေ့ခွင့်ပေးမယ်၊ ကန်တော်ကြီး ဥယျာဉ်ကနေ စောင့်နေပါ၊ သေချာမှတ်နော် ...

"ကန်တော်ကြီးအဝင်ဝမှာ ကန်ထဲကိုထိုးဆောက်ထားတဲ့ သစ်သားစင်ကြီးတစ်ခုရှိတယ်၊ သိတယ်မဟုတ်လား။ အဲဒီကနေ စောင့်နေပါ၊ မနက် ၉နာရီအရောက် ကျွန်မလာခဲ့မယ်၊ ဖေဖော်ဝါရီလ ၁၁ရက် စနေနေ့နော်၊ ဒီကြားထဲမှာ ကျွန်မဆီ အဆက်အသွယ်မလုပ်နဲ့တော့၊ ကျွန်မလည်း ရှင်ကြီးဆီ ဖုန်းမဆက်တော့ဘူး။

"ကျွန်မကို တွေ့လိုက်မှ ရှင်ကြီး စိတ်ပျက်မသွားရဘူးနော်၊ ဪ ... သိလွယ်အောင် ကျွန်မစီးလာမယ့် ဆိုင်ကယ်နံပါတ်ကို ပြောထားပါ့မယ်၊ သေချာမှတ်နော်၊ ဆိုင်ကယ်နံပါတ်က ၁/ယ ၆အစ





ကိုးအဆုံး ၊ မှတ်မိပြီနော်၊ ဪ ... နေဦး၊ ကျွန်မရင်ပတ်မှာ ကျွန်မ နာမည်ပန်းကလေးကို ထိုးထားမယ်၊ ဒါဆို ... ကျွန်မကို ရှင်ကြီး ကောင်းကောင်း သိနိုင်မှာပါ၊ ဒါပဲနော်၊ ဖေဖော်ဝါရီ၁၁ရက်၊ စနေနေ့၊ မနက်ကိုးနာရီ၊ ကန်တော်ကြီးဥယျာဉ်၊ ဂွတ်နိုက်"

သူမ ဖုန်းဆက်ချိန်းဆိုလိုက်သည့်နေ့မှာ အင်္ဂါနေ့ဖြစ်ပါသည်။ သူမအမိန့်အတိုင်း နေလင်းစိုးသည် သုံးရက်တိတိ သူမနှင့်စကားမပြောဘဲ နေခဲ့ရသည်။ သူမဖုန်းကို ခေါ်ကြည့်သော်လည်း စက်ပိတ်ထားတာ နှင့်ကြုံရသည်။

စနေနေ့ကိုရောက်ဖို့ နေလင်းစိုးသည် ရင်တခုန်ခုန်ဖြင့် စောင့်မျှော်ခဲ့ရပါသည်။

နေလင်းစိုးက သူပြုပြင်ထားသောဓာတ်ပုံများကို ကွန်ပြူတာ ထဲမှဆွဲထုတ်ကာ ဓာတ်ပုံအဖြစ် ကူးယူလိုက်သည်။ သူမနှင့်တွေ့လျှင် ဘယ်လောက်တူတယ်ဆိုတာကို တိုက်ကြည့်ရလိမ့်မည်။

ဆန္ဒဇောပြင်းပြနေသူအတွက် စနေနေ့ဟာ ရောက်နိုင်ခဲလှချည်လား။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ကတော့ နေလင်းစိုး ရင်ခုန်မျှော်လင့်ခဲ့ရသော စနေနေ့ ဖြစ်ပါသည်။

နေလင်းစိုးသည် ဝီရိယရှိစွာဖြင့် ၈နာရီကတည်းက ကန်တော်ကြီးကို ရောက်နေခဲ့သည်။ သူမက ၉နာရီ ချိန်းထားသော်လည်း စိတ်စောနေသူပြင်း ချိန်းတဲ့နေရာမှာ သွားစောင့်နေမိခြင်းဖြစ်ပါသည်။

ကန်တော်ကြီးပတ်ဝန်းကျင်က ရာသီဥတုသာယာသောကာလဖြစ်သည်နှင့်အညီ အေးချမ်းလှပနေပါသည်။ နေလင်းစိုးသည် သူမစောင့်နိုင်းထားသော ရေစင်ပေါ်တွင် စိတ်လှုပ်ရှားစွာ ဟိုသည်လျှောက်ရင်းမှ အချိန်ဖြုန်းနေမိသည်။

တစ်ခါတစ်ခါလည်း အိတ်ထဲမှာထည့်လာသည့် ဓာတ်ပုံများကို ထုတ်ကြည့်မိသေးသည်။ သူတွေ့ရမည့်သူမသည် သူပြုပြင်ထားသော ဓာတ်ပုံတွေထဲကအတိုင်း ဖြစ်နေလေမလား။ အနည်းငယ်များ ကွဲပြားနေမလား။ လုံးလုံးလျားလျား မတူညီပဲများဖြစ်နေမလား။ အမျိုးမျိုးတွေးရင်း စိတ်မောနေရလေ၏။

ရှစ်နာရီခွဲချိန်တွင် နေလင်းစိုးက ပလက်ဖောင်းပေါ်မှမတ်တပ်ရပ်ကာ ဝင်လာသမျှဆိုင်ကယ်များကို မျှော်ကြည့်နေမိရလေပြီ။

သည်လိုနှင့် အချိန်က ၉နာရီသို့တရွေ့ရွေ့ နီးကပ်လာပါပြီ။ ဗဂေထာန်းနှင့်စသော စူပါကပ်ဆိုင်ကယ်များဝင်လာသော်လည်း သူမ မဟုတ်သေးချေ။

နေလင်းစိုး နာရီကိုတစ်လှည့် လမ်းမထိပ်ကိုတစ်လှည့်ကြည့်ကာ စောင့်မျှော်လာခဲ့သည်မှာ တရွေ့ရွေ့ဖြင့် ကိုးနာရီတိတိထိုးချိန်သို့ ရောက်လာခဲ့ပါပြီ။





သူမက ပေါ်မလာသေး။

နေလင်းစိုးက အရှေ့ဘက်သို့ မကြာမကြာ မျှော်ကြည့်နေမိသည်။ မော်တော်ဆိုင်ကယ်များ၊ ကားများ ဥဒဟိုဝင်လာနေသည်။ ဝင်လာသမျှ ဆိုင်ကယ်များကို မျှော်မျှော်ကြည့်ကာ နံပါတ်ကို လှမ်းလှမ်းဖတ်ရသည်မှာလည်း အမော။

ယခုထိတော့ ဗ ဂထာန်းနှင့်စသော ဆိုင်ကယ်များကို တွေ့ရသော်လည်း ထိုဆိုင်ကယ်များက သူ့ရှေ့တွင် ရပ်မလာ။ ဆက်၍ မောင်းနှင်သွားကြသည်ကိုသာ တွေ့ရသည်။

ချိန်းထားချိန် ကိုးနာရီတိတိအထိတော့ နေလင်းစိုးစိတ်ရှည်ပါသေးသည်။ ကိုးနာရီကျော်လာတော့ စိတ်မရှည်ချင်တော့။

သူမ ပညာပြပြန်ပြီထင်သည်။

ဒါမှမဟုတ် . . . သူမထုံးစံအတိုင်း ပဟေဠိဆန်အောင် လုပ်နေပြန်ပြီလား။

သူမနှင့်စပြီး သိရကတည်းက ပုစ္ဆာဆန်ခဲ့သောမိန်းကလေး။ သုံးလအတွင်းမှာ သူမက သူ့ကို ပုစ္ဆာပေါင်းများစွာပေးခဲ့သည်။ ပဟေဠိပေါင်းများစွာမေးခဲ့သည်။

ယခုအထိ သူမနာမည်ကို နေလင်းစိုးမသိရသေး။

ယခုချိန်းဆိုထားသည်မှာလည်း သူမနှင့်ပထမဆုံးအကြိမ်တွေ့ဆုံခြင်းပင်ဖြစ်ပါသည်။

သူမနာမည်အမှန်ကိုလည်း နေလင်းစိုးမသိရသေးသလို၊ သူမကိုလည်း နေလင်းစိုး မမြင်ဖူးသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းသည် မျှော်ကြည့်လျှင် ရှည်ထွက်တတ်သောအရာသာ ဖြစ်ပါတ နေလင်းစိုးလည်ပင်းမှာ ကန့်ပတ်လမ်းအဝင်ဝသို့ပင်ရောက် နေရှာမည်။

ကိုးနာရီဆယ်မိနစ်။

ကိုးနာရီဆယ့်ငါးမိနစ်။

သူ ငါ့ကိုကြည့်စယ်ချင်လို့ တမင်နောက်ကျနေတာဖြစ်မှာပါ။ စိတ်ကိုဖြေတွေးသော်လည်း စိတ်ကငြိမ်မသွားချေ။

တကယ်သာ ကြည့်စယ်ချင်တယ်ဆိုလျှင်တောင် နာရီဝက်ထက် တော့ပိုပြီးနောက်မကျသင့်ပါ။ နာရီဝက်ဆိုတာတောင် လွန်လှပြီ။

နေလင်းစိုး စိတ်ပျက်အားလျော့စွာ နာရီကိုငုံ့ကြည့်လိုက်တော့ ၉နာရီ ၄၅မိနစ်။

သွားပြီ။

သူမ မလာတော့ဘူးထင်ပါသည်။

ရက်စက်လှချေလား။

နေလင်းစိုးက တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်သည်။

အိတ်ထဲကဓာတ်ပုံများကို ဆွဲထုတ်သည်။ ဓာတ်ပုံငါးပုံကို ယပ် တောင်ဖြန့်သလိုထပ်ဖြန့်ကာ ကြည့်နေမိသည်။ နာကျည်းခံပြင်းသောစိတ် ဖြင့် ဓာတ်ပုံများကိုဆုတ်ဖြဲပစ်ရန် ကြံမိသေးသည်။

သို့သော် . . . တကယ်တမ်းကျ သူကြိုးစားဖန်တီးထားသော ဓာတ်ပုံများကို ဆုတ်မပစ်ရက်ခဲ့ပါ။





နေလင်းစိုးက နောက်ဆုံးအနေဖြင့် ကန့်အစင်လမ်းထိပ်သို့ မျှော်ကြည့်လိုက်ပြန်၏။ ဆိုင်ကယ်တွေ တစ်စီးပြီးတစ်စီးဝင်လာနေသော် လည်း သူမျှော်လင့်သောဆိုင်ကယ်မပါပါ။

သူမ သူ့ကို အရွဲ့လုပ်လေပြီ။

နာရီကိုကြည့်လိုက်တော့ ဆယ်နာရီ။

တစ်နာရီတိတိနောက်ကျပြီးမှတော့ သူမရောက်လာတော့မည် မဟုတ်ပေ။

နေလင်းစိုးမျက်ရည်ပင် ဝိုင်းလာမိသည်။

သူမကိုစိတ်ဆိုးသလို ကိုယ့်အဖြစ်ကိုယ်လည်း ရှက်မိပါသည်။ မိန်းကလေးတစ်ယောက် အရွဲ့လုပ်တာကို ခံရခြင်းပါလား။

နေလင်းစိုးက အံကိုတင်းတင်းကြိတ်လိုက်သည်။

အိမ်ပြန်ရန် ဆုံးဖြတ်ချက်ချလိုက်လေတော့၏။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၃ )

အိပ်ရာမှနိုးသည်နှင့် အိပ်ရာထနောက်ကျပြီဆိုတာကို စံကားဝါ သိလိုက်သည်။

နေရောင်က ပြတင်းမှန်ကိုတိုးဝင်ကာ သူမခုတင်ပေါ်သို့ပင် ထိုးကျနေပါပြီ။ အိပ်ရာဘေးစားပွဲပေါ်မှ စားပွဲတင်နာရီဆီ လှမ်းကြည့်လိုက်တော့ နာရီက ၈နာရီ၁၅မိနစ်ကို ညွှန်ပြနေ၏။

စံကားဝါက အိပ်ရာပေါ်မှ အလျင်အမြန် လူးလဲထလိုက်မိသည်။

သူမ ဘာဖြစ်လို့ နေမြင့်တဲ့အထိ အိပ်ပျော်သွားတာပါလိမ့်။

ကိုနေလင်းစိုးနှင့်ချိန်းထားတာကို သတိထားခဲ့ပါလျက် အိပ်ပျော်သွားခဲ့ခြင်းဖြစ်ပါသည်။ ကိုနေလင်းစိုးနှင့်ချိန်းထားချိန်က ၉နာရီတိတိဖြစ်သည်။

အမြန်သွားလျှင်တော့ ကိုးနာရီအတိမှာ ကန်တော်ကြီးကို ရောက်သွားနိုင်ပါသည်။

စံကားဝါက မျက်နှာသစ်၊ သွားတိုက်အလုပ်များကိုအမြန်လုပ်ပစ်လိုက်၏။ အချိန်မရလို့ ရေချိုးမနေတော့ပါ။

ဆိုင်ကယ်နှင့်သွားမှာမို့ ဂျင်းဘောင်းဘီနှင့်တီရှပ်ကိုအမြန်လဲဝတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးလည်းလိမ်းမနေတော့ပဲ သနပ်ခါးမှုန့်နည်းနည်းကို ထပ်ဖြန့်ပုတ်၍ ခပ်ပါးပါးလေး လိမ်းလိုက်သည်။ စံကားဝါသည် နဂိုကပင် အလှအပကို လွန်ကဲစွာချယ်သတတ်သူ မဟုတ်ပါ။

စံကားဝါအိမ်ရှေ့ကိုထွက်လာတော့ ရနာရီခွဲနေပါပြီ။

အိမ်ရှေ့ညှော်ခန်းမှာ ဖေဖေထိုင်ပြီး သတင်းစာဖတ်နေတာကို တွေ့ရ၍ တစ်ခုခုလိုနေသလိုမျိုးခံစားလိုက်ရသည်။ ဖေဖေသည် ဒီအချိန် ဆိုလျှင် မန္တလေးထုတ်သတင်းစာနှစ်စောင်နှင့် ကြေးမုံသတင်းစာကို ရေနွေးကြမ်းတစ်အိုးရှေ့ချကာ ဖိမ့်နှင့်ဖတ်နေတတ်မြဲဖြစ်သည်။ ဖေဖေ ဘယ်သွားလို့ပါလိမ့်။

စံကားဝါက ညှော်ခန်းနံရံမှာချိတ်ထားသည့် ဟန်းဖုန်းလေးကို လှမ်းဖြုတ်လိုက်ချိန်တွင် ညှော်ခန်းထောင့်ကွေးမှာ ပုဆိုးတစ်ကွင်းကို ပုခက် လုပ်ချိတ်ထားသည်ကိုမြင်လိုက်ရ၍ အံ့ဩသွားလေသည်။ ပုဆိုးပုခက် ထဲမှာလည်း ကလေးလေးတစ်ယောက်။ တန်တော့ စံကားဝါအိပ်ရာ မနိုးခင် ရွာက ဖေဖေ့အမျိုးတွေ ရောက်နေတာဖြစ်လိမ့်မည်။ ဖေဖေလည်း ညှော်သည်တွေနဲ့အပြင်ထွက်သွားတယ်ထင်ပါရဲ့။

စံကားဝါက ဟန်းဖုန်းကိုခါးမှာ ချိတ်လိုက်သည်။

နံရံမှာချိတ်ထားတဲ့ ဆိုင်ကယ်သော့ကို ဖြုတ်ယူလိုက်သည်။

အိမ်ထဲမှအထွက်တွင် ...

''ဟင် ... စံကားဝါ၊ နင် ... နင် ...''

မီးဖိုခန်းဘက်မှထွက်လာသော အစ်မဖြစ်သူဇီဇဝါက စံကားဝါ့ ကို လှမ်းအော်လိုက်ခြင်းဖြစ်သည်။

''ဘာလဲ မမ၊ ငါအပြင်ခဏသွားလိုက်ဦးမယ်''





''ဟဲ့ ... စံကားဝါ၊ နင်မသွားနဲ့လေ၊ ဘယ်ကိုလဲ၊ အို...''

မမဇီဇဝါလက်ထဲတွင် ကလေးစို့သည့် နို့ဘူးလေးကို ကိုင်ထား၏။ ညှော်သည်ကလေးကို နို့တိုက်မလို့ထင်ပါသည်။

''ငါမကြာပါဘူး၊ ဆယ်နာရီလောက်ရောက်အောင် ပြန်လာခဲ့ မယ်''

စံကားဝါက အချိန်နောက်ကျနေပြီဖြစ်၍ အိမ်ထဲမှအမြန်ထွက် လိုက်သည်။

ဆိုင်ကယ်က အိမ်ရှေ့မြေကွက်လပ်တွင် အဆင်သင့်ထုတ်ထား ပြီးဖြစ်နေ၏။

မေမေသည် အိမ်ခြံဝင်းရှေ့မှာ သီးခြားဆောက်ထားသော ကွန်ပြူတာစာစီစာရိုက်ဆိုင်လေးကို သော့ဖြင့်ဖွင့်နေသည်။ စံကားဝါ အိမ်ထဲကထွက်လာတာကို မေမေမမြင်သေးပါ။

စံကားဝါက ဆိုင်ကယ်ရှေ့ခြင်းထဲက ဟဲလ်မက်ဦးထုပ်ကိုယူ၍ ဆောင်းလိုက်သည်။ ပြီးတော့ ဆိုင်ကယ်ပေါ်ခွထိုင်ကာ သော့ကိုတပ်၍ စက်နှိုးလိုက်၏။

ဆိုင်ကယ်စက်နှိုးသံကြားမှ မေမေက လှည့်ကြည့်လိုက်လေ သည်။

စံကားဝါ့ကို ဆိုင်ကယ်ပေါ်ခွထိုင်လျှက် တွေ့လိုက်ရသည်တွင် မေမေက အလန့်တကြားအသံဖြင့် လှမ်းအော်လိုက်လေ၏။

''ဟင် ... သမီး စံကားဝါ၊ ဒါ ... ဒါ ... ဘာလုပ်တာလဲ''

''သမီးအပြင်ခဏသွားမလို့ မေမေ၊ သွားမယ်နော်''

''ဟဲ့ ... ဟဲ့ ...''



www.burmeseclassic.com

www.burmeseclassic.com



``စံကားဝါ စံကားဝါ နေဦးလေ၊ နင်တစ်ယောက်တည်း သွားလို့မဖြစ်ဘူး အမလေး မေမေ၊ စံကားဝါထွက်သွားပြီ''

မမဇီဇဝါကလည်း အိမ်ရှေ့အထိ ပြေးထွက်လာကာ အော်နေ ပြန်သည်။

သူတို့ဘာဖြစ်နေကြတာလဲ။

စံကားဝါဆိုင်ကယ်နဲ့ တစ်ယောက်တည်း အပြင်ထွက်နေကျ ဖြစ်သည်။ အဆန်းမဟုတ်။ စံကားဝါ့မှာ ယာဉ်မောင်းလိုင်စင်လည်း ရှိပြီးသား။ ဘာမျှစိုးရိမ်ပူပန်စရာမလိုပေ။

တစ်ခါတလေကျ လူကြီးမိဘတွေက ဒီလိုပါပဲ၊ ကြဲဖန်ပြီး အစိုးရိမ်ကြီးနေတတ်သည်။

ဆိုင်ကယ်လမ်းထိပ်ရောက်သည်နှင့် စံကားဝါသည် အိမ် အကြောင်းတွေ အားလုံးမေ့ထားလိုက်လေတော့သည်။

✿ ✿ ✿

လမ်းထိပ်အရောက်တွင် သုံးဆယ့်ငါးလမ်းကိုချိုး၊ 'ရဂ'လမ်း မီးပွိုင့် ရောက်တော့ ဘယ်ဘက်ကိုကွေ့ကာ ရဂလမ်းမကြီးအတိုင်း မောင်းလာခဲ့သည်။

နာရီကို ငုံ့ကြည့်လိုက်တော့ ၈နာရီ မိနစ်လေးဆယ်။ မိနစ် ၂၀ အတွင်းမှာ ကန်တော်ကြီးကို အရောက်မောင်းရပေတော့မည်။ ရောက် သွားနိုင်ပါသည်။

ခုလောက်ဆို ကိုနေလင်းစိုး ကန်တော်ကြီးမှာ ရောက်နေ လောက်ပြီထင်ပါရဲ့။

ကိုနေလင်းစိုးအကြောင်းများက စံကားဝါ့အတွေးထဲကို တန်းစီ ဝင်လာပြန်လေသည်။ ကိုနေလင်းစိုးကို အချိန်ဆွဲပြီး စ,ခဲ့ နောက်ခဲ့ ကလိခဲ့တာ အချိန်အတော်ပင်ကြာသွားပြီ။ သုံးလပင်ကျော်သွားပါပြီ။

စံကားဝါသည် အစပိုင်းတုန်းကတော့ ကိုနေလင်းစိုးအပေါ်မှာ သာမန်မျှသာသဘောထားကာ အပျော်သဘောသာ ဆက်ဆံခဲ့မိပါသည်။ သူနဲ့သိကျွမ်းရတာလည်း အမှတ်မထင်ပင်ဖြစ်သည်။

စံကားဝါတို့မိသားစုက အိမ်ရှေ့တွင် ဆိုင်ခန်းလေးဆောက်ကာ ကွန်ပြူတာစာစီစာရိုက်နှင့် မိတ္တူကူးဆိုင်လေးဖွင့်ထားသည်။ [illegible]စင်စား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သောဖေဖေက ဆိုင်ကိုဦးစီးကာ ဘွဲ့ရပြီးဖြစ်သည့် မမဇီဇဝါက ကွန်ပြူတာတစ်လုံးဖြင့် စာစီစာရိုက်တာဝန်ကို ယူပါသည်။ စံကားဝါက လည်း ကွန်ပြူတာတက္ကသိုလ်တွင် နောက်ဆုံးနှစ်တက်နေသောကျောင်း သူတစ်ယောက်ဖြစ်၍ ကွန်ပြူတာကျွမ်းကျင်ပါသည်။ ဆိုင်အလုပ်ကိုတော့ စံကားဝါ့ထက်အသက်နှစ်နှစ်ပိုကြီးသည့် မမဇီဇဝါကပဲ တာဝန်ယူထား သည်။

မိတ္တူကူးစက်ကလေးနှင့် ကွန်ပြူတာစာစီစာရိုက်လုပ်ငန်းမှာ မိသားစုလေးယောက်သာရှိသော စံကားဝါတို့မိသားစုအတွက် လိုအပ် သောဝင်ငွေကိုပေးနိုင်ခဲ့ပါသည်။

လွန်ခဲ့တဲ့သုံးလက ဆိုင်သုံးကွန်ပြူတာပျက်သွားတော့ ပြုပြင် ဖို့လိုလာသည်။ စံကားဝါ့သူငယ်ချင်း ကေသီလှိုင်က သူတို့အိမ်က ကွန်ပြူတာပျက်တုန်းက ပြင်ခဲ့သည့် "ဒယ်လ်တာကွန်ပြူတာဆားဗစ်" ကိုလမ်းညွှန်သည်။

"ဒယ်လ်တာက ဖုန်းဆက်ခေါ်ရင် အိမ်အထိလာပြင်ပေးတယ် အန်ကယ်၊ သမီးဆီမှာတောင် ဒယ်လ်တာက ကွန်ပြူတာလာပြင်ပေးတဲ့ လူ ပေးသွားတဲ့ ဗစ်ဇင်တင်းကတ်ရှိသေးတယ်၊ ဟောဒီမှာ . . ."

ဖေဖေက ကေသီပေးတဲ့လိပ်စာကတ်ပြားလေးကို စံကားဝါဆီ လှမ်းပေးရင်း ဆက်သွယ်ခိုင်းလိုက်သည်။

"ဒါဆိုလည်း စံကားဝါရေ သမီးပဲ အဲဒီကိုဖုန်းနဲ့ဆက်သွယ် လိုက်ပါဦး"

ဖေဖေတာဝန်ပေးသောကြောင့် စံကားဝါက လိပ်စာအတိုင်း ကိုနေလင်းစိုးဆီကို ဖုန်းဆက်ခဲ့ခြင်းဖြစ်ပါသည်။





သို့သော် ဖုန်းဆက်ကြည့်တော့မှ ဒယ်လ်တာကွန်ပြူတာ ဆားဗစ်မှာဖျက်သိမ်းပြီးဖြစ်ကြောင်းနှင့် ကိုနေလင်းစိုးဆိုသူမှာလည်း ထိုအချိန်က ရန်ကုန်မှာ နောက်အလုပ်တစ်ခု အင်တာဗျူးဖြေရန်ရောက် နေကြောင်း သိလိုက်ရခြင်းဖြစ်သည်။

ကွန်ပြူတာကို အခြားတစ်နေရာကိုသယ်သွားပြီး ပြုပြင်လိုက် ရသည်။

"ဟယ် . . . ကိုနေလင်းစိုးနဲ့ ကွန်ပြူတာမပြင်ဖြစ်လိုက်တာ နာလိုက်တာဟာယ်၊ ငါက နင် အဲဒီကိုနေလင်းစိုးကို တွေ့ဖူးစေချင်တာ စံကားဝါရဲ့"

"အလိုတော် . . . ဘာလို့တွေ့ဖူးစေချင်တာလဲ၊ သူက ဘာမို့လဲ ဟဲ့ ကေသီ"

"ကိုနေလင်းစိုးက အရမ်းချောတာ၊ သိပ်မိုက်တာပဲ၊ အရပ် လည်းအမြင့်ကြီးပဲ၊ နင်မြင်စေချင်တယ်ဟာယ်"

"ဩော် . . . နင်က ငါတို့ကိုဘေးစာခံလုပ်ပြီး နင်ကြိုက်နေတဲ့ လူကိုတွေ့ရဖို့ကြံတာကိုး"

"ဟဲ့ ငါကြိုက်လ[illegible]ဘာမဟုတ်ပါဘူး"

"မကြိုက်ဘဲနဲ့ ဘာလို့ . . . အရမ်းချောတာ၊ သိပ်မိုက်တာတွေ ပြောနေရတာလဲ ဒေါ်ကေသီ"

"စံကားဝါရယ် ကြိုက်တော့ကြိုက်တာပေါ့ဟယ်၊ ကိုနေလင်း စိုးကိုမြင်ရင် ဘယ်မိန်းကလေးမဆို ကြိုက်မှာပဲ၊ နင်လည်းကြိုက်မှာပဲ"

"အောင်မယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါဟာ . . . သူက မင်းသားတွေထက်တောင်မိုက်သေးတာ၊ မြန်မာမင်းသားတွေနဲ့မျှား တခြားစီ၊ ဟောလိဝုဒ်မင်းသားနဲ့ကို ယှဉ်ကြွေတို့ကောင်းတာ"

"ဟာဟာ့ . . . ကေသီ . . . ကေသီ၊ ရောဂါ . . . နင့်ရောဂါက ထည်းဟယ် . . ."

"ငါပြောချင်တာ ဆုံးအောင်နားထောင်ဦး၊ အဲဒီလောက်မိုက်တဲ့ လူက ငါ့လိုပုံကြီးကို ကြိုက်မလားဟဲ့၊ စိတ်တောင်ကူးမှာမဟုတ်ဘူး၊ အဲဒါကြောင့် နင်နဲ့တွေ့စေချင်တယ်လို့ပြောတာ၊ နင်ကလည်း အမိုက်စားလေး မဟုတ်လား၊ သူလည်း နင့်ကိုတွေ့ရင် ကြွေ . . . နင်လည်း သူ့ကိုတွေ့ရင် ကြွေမှာပဲ"

"တော်စမ်းပါဟယ်၊ နင့်ဟာက၊ နင့်နေလင်းစိုးကို တကယ်တွေ့ရရင်တောင်မသိဘူး၊ အခု ဆုံစရာအကြောင်းမှ မရှိတော့တာ၊ ဒါတွေ တွေးပြီး လွမ်းမနေတော့ပါဘူး"

"ငါက နင့်အတွက်ပြောတာပါ"

"အောင်မယ် . . . မိန်းမ၊ ငါ့မှာ ပေါလွန်းလို့ဟဲ့"

တကယ်ပဲ စံကားဝါသည် ကေသီလှိုင့်စကားများကို ရယ်စရာ လုပ်ပစ်ခဲ့ပါသည်။ နေလင်းစိုးဆိုသူနဲ့လည်း ပတ်သက်လာစရာအကြောင်းက မရှိတော့ဘူး မဟုတ်လား။

သို့သော် . . .

☼ ☼ ☼

နောက်သုံးရက်အကြာတွင် နေလင်းစိုးဆိုသူက စံကားဝါ့ထံ ဖုန်းဆက်ခဲ့လေသည်။ သူက သူ့ဟန်းဖုန်းကို ဆယ်သွယ်ထားသည့် စံကားဝါ့ဖုန်းနံပါတ်ကို Saveလုပ် မှတ်သားထားခြင်းဖြစ်သည်။

"ကွန်ပြူတာလာပြင်ပေးဖို့ လိုသေးသလား"ဟု အကြောင်းပြုကာ ဖုန်းဆက်ခြင်းဖြစ်ပါသည်။

စံကားဝါက ကွန်ပြူတာပြင်ပြီးပြီဖြစ်ကြောင်း ပြောလိုက်သည့် အခါ သူက စံကားဝါ့နာမည်ကိုမေးသည်။

"ဘာလဲ . . . ကိုနေလင်းစိုးက ကျွန်မနာမည်သိချင်လို့ ဖုန်းဆက်တာလား"

"မဟုတ်ပါဘူးဗျာ၊ ကွန်ပြူတာပြင်ဖို့ လိုအပ်သေးတယ်ထင်လို့ ဆက်မေးလိုက်တာပါ၊ နာမည်ကတော့ ဒီလိုပဲ မေးရတာပေါ့"

သူ့အပြောကြောင့် စံကားဝါက ရယ်မောလိုက်မိသည်။

"ကိုနေလင်းစိုးနဲ့ကျွန်မနဲ့ လုပ်ငန်းချင်းမှ မပတ်သက်သေးပဲ နာမည်သိစရာလိုလို့လား"

"မပြောချင်လည်း နေပါဗျာ၊ ကျွန်တော်က လူမှုရေးအရ မေးတာပါ၊ ကျွန်တော် ဖုန်းသရဲမဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူဆက်သွယ်လာပုံက နည်းနည်းတော့ အူကြောင်ကြောင်နိုင်သည့်အတွက် စံကားဝါက သူ့ကို စချင်နောက်ချင်စိတ် ပေါက်သွားသည်။

"အဟင်း . . . ဟင်း . . . ကိုနေလင်းစိုးက ဖုန်းသရဲမဟုတ်ပေမယ့် ကျွန်မကတော့ ဖုန်းသရဲလုပ်လိုက်တော့မယ်"

"ဗျာ . . ."

"ဒီလိုလုပ်လေ တို့နာမည်သိချင်ရင် မနက်ဖန်ည'၁၂'နာရီတိတိ ဖုန်းဆက်လိုက်မယ်၊ စောင့်နေပေါ့ နော်"

နေလင်းစိုးဆိုသူကို နည်းနည်းတော့ပညာပေးချင်၍ နောက်တစ်ရက်ကို ထပ်ချိန်းလိုက်ခြင်းပင်ဖြစ်ပါသည်။ ထိုအချိန်ထိ နေလင်းစိုးနှင့်ပတ်သက်ပြီး စံကားဝါအလေးအနက် မရှိခဲ့ပါချေ။ နောက်ချင်ရုံ ပညာပေးချင်ရုံသက်သက်ဖြင့် ချိန်းခဲ့ခြင်းသာဖြစ်ပါ၏။

နောက်တစ်ရက် ကျောင်းမှာ ကေသီလှိုင်နှင့်တွေ့တော့ ထိုအကြောင်းကို ပြောဖြစ်လေသည်။

"နင့် နေလင်းစိုးဆိုတဲ့လူကြီးက လူဖြင့်မမြင်ဖူးသေးပဲနဲ့ မရိုးပါဘူးဟယ်၊ ငါ့ဆီဖုန်းဆက်ပြီး နာမည်မေး ဘာမေးနဲ့"

"ဟယ်တော် ဒါဆို နင်တော့ကော်တာပဲ"

"ဘာကော်ရမှာလဲ၊ သူလည်း ငါ့မမြင်ဖူးဘူး၊ ငါလည်း သူ့မမြင်ဖူးဘူး"

"သူက လှပါကယ်ဆိုဟယ်၊ ဗဲရီးဟဲန်းဆမ်းမ်"

"သူ့ဟာသူ ဘယ်လောက်လှလှ၊ ငါမမြင်ဖူးတဲ့လူကို ငါက ဘယ်လိုရင်ခုန်ရမှာလဲ"

"ဒါဖြင့် . . . နင်က ဘာဖြစ်လို့ ဒီညထပ်ချိန်းတာလဲ"





"သက်သက်သူ့ကို အလုပ်များစေချင်လို့ပေါ့"

"ဒီည နင့်နာမည်ကို တကယ်ပြောပြလိုက်တော့မှာလားဟင်"

"အွန်း . . . ငါဘာဆက်လုပ်ရမယ်ဆိုတာ စဉ်းစားမထားပါဘူး ကေသီရယ်"

"နင်ကလည်း"

"သေချာတာကတော့ ငါ့နာမည်ကို အလွယ်တကူတော့ မပြောနိုင်ဘူး၊ သူ့ကို တစ်နည်းနည်းနဲ့ ဆက်ကလိရမှာပဲ"

ညပိုင်း နေလင်းစိုးဖုန်းဆက်လာသည့်အခါတွင် စံကားဝါက သူမအမည်မှာ ပန်းတစ်မျိုးအမည်ဖြစ်ကြောင်း ပဟေဠိဝှက်လိုက်လေသည်။ ကြိုတင်စဉ်းစားထားခြင်းမရှိပဲ စိတ်ကူးထဲပေါ်လာသည့်အတိုင်း ပြောလိုက်ခြင်းဖြစ်ပါသည်။

"ကျွန်မနာမည်ကို သိချင်စိတ်ရှိသေးရဲ့လားဟင်"

"သိပ်သိချင်တာပေါ့ဗျာ"

"ဒါဖြင့် ကျွန်မနာမည်ပြောမယ်၊ ကျွန်မနာမည်က ပန်းတစ်မျိုးရဲ့နာမည်ပဲ၊ ရှင့်ဟာရှင်ဖော်ပေတော့"

"ဟင် . . . ခင်ဗျားက ကျွန်တော့်ကိုပဟေဠိလုပ်နေတာလား"

"ဒါပေါ့ . . . ရှင်ပဲ ကျွန်မနာမည်ကို မေးတယ်လေ၊ အလွယ်တကူတော့ ဘယ်သိရမလဲရှင့်၊ နည်းနည်းတော့ခေါင်းစားပြီး ပဟေဠိဝှက်ဦးမှ ဖြစ်မှာပေါ့၊ ဒါပေမဲ့ ဘာမှမခက်ပါဘူး၊ ပန်းတစ်ပွင့်နာမည်ကို စဉ်းစားတာများ ဘာခက်လို့လဲ"

"ပန်းတစ်ပွင့်နာမည်၊ ဒါဖြင့် ကျွန်တော် ဖော်ကြည့်မယ်လေ"

"ဖော်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နှင်းဆီ"

"နှင်းဆီဆိုတာ အမေခန်းကပါနေတဲ့ ရုပ်ရှင်မင်းသမီးကြီးပဲ၊ ကျွန်မ မဟုတ်ဘူး"

"သဇင်"

"သဇင်က ကျွန်မ မဟုတ်ဘူးလေ၊ သီချင်းဆိုတဲ့ကောင်မလေး နာမည်ပဲ"

"စံပယ်"

"မဟုတ်သေးဘူး"

"... ..."

"... ..."

"... ..."

"... ..."

စံကားဝါ့နာမည်အမှန်ကို သူမစဉ်းစားနိုင်ခဲ့ချေ။ ပန်းမျိုးစုံ အမည်ကိုရွတ်ပြသည်အထိ စံကားဝါဆိုသည့်ပန်းနာမည်က ကွက်၍ကျန် နေခဲ့လေသည်။

"ဟူး ... ခင်ဗျားနာမည်စဉ်းစားရတာလဲ ခက်လိုက်တာဗျာ၊ ဒီတိုင်းပြောလိုက်တော့ ဘာဖြစ်မှာမို့လို့လဲ"

"ရှင် ကျွန်မနာမည်ကို စွဲစွဲလမ်းလမ်း မှတ်မိသွားစေချင်လို့ စဉ်းစားခိုင်းနေတာပါ"

"ကဲ ဒီလိုဆိုရင် ပန်းနာမည်တွေတန်းစီပြီး ရွတ်မယ်ဗျာ၊ ခင်ဗျားနာမည်ပါသွားရင် အိုကေလို့ပြောလိုက်ပေတော့ ... သော်ကာ၊ ဂမုန်း၊ ဒံဒါန၊ နေကြာ၊ ဇီဇဝါ ..."

ဆုပြည့်စုံတွန်းစာပေ



"ဆောရီးမောင်လေး၊ တစ်ခုမှ မဟုတ်ပါဘူးကွယ်၊ ဒီနေ့တော့ အချိန်စေ့သွားပြီ မောင်လေးရေ၊ နောက်နေ့မှဆက်စဉ်းစားပေးတော့နော်၊ ဂွတ်နိုက်"

"ဟော့ ... ဟော့ ... နေပါဦး"

နေလင်းစိုးကတားလိုက်သော်လည်း စံကားဝါဖုန်းကို ချပစ် လိုက်ပါသည်။

နောက်တစ်ခါ ထပ်ခေါ်တဲ့အသံထွက်လာတော့ စံကားဝါက ဖုန်းပေါ်မှာပေါ်လာတဲ့ နံပါတ်ကိုကြည့်ပြီး နေလင်းစိုးထပ်ဆက်တာ သိလိုက်သည့်အတွက် ဖုန်းကိုပိတ်ပစ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကိုနေလင်းစိုးသည် စံကားဝါသို့ကိုတွေ့ရန်ချိန်းဆိုထားသည့် ယခုအချိန်အထိ စံကားဝါ့နာမည်အမှန်ကို မဖော်နိုင်ခဲ့ပါ။

"ကျွန်တော့်ကို အတိတ်စိမ်းတစ်ခုတော့ ပေးဗျာ"

"အတိတ်စိမ်း ... ဟုတ်လား။ ရှင်နဲ့ကျွန်မ ခုလိုဖုန်းပြောနေတာကကို အတိတ်စိမ်းပဲလေ ... ဟဲ ... ဟဲ ..."

နာမည်ပဟေဠိနှင့်ပတ်သက်၍ စံကားဝါ့ဖက်က လှည့်စားမှုလုံးဝမရှိခဲ့ပါ။ သူပေးခိုင်းတဲ့အတိတ်စိမ်းဆိုတာကိုလည်း ဖုန်းပြောနေတာ အတိတ်စိမ်းလို့ ပြောခဲ့သည်။ တကယ်က တစ်ယောက်နဲ့တစ်ယောက် စကားပြောနေကြခြင်းကို အဓိပ္ပာယ်ကောက်လျှင် "စံကားပန်း"ဆိုသည့် ပန်းနာမည် ပေါ်လာနိုင်သည်မဟုတ်ပါလား။

ကိုနေလင်းစိုးသည် ယခုအချိန်အထိ စံကားဝါ့နာမည်ကို မဖော်နိုင်ခဲ့ပါ။

စကားဝါက ကိုနေလင်းစိုးနှင့် သိကျွမ်းရင်းနှီးခဲ့သည့်အကြောင်းများကိုပြန်စဉ်းစားရင်း ... သတိတရဖြင့် ရင်ပတ်ကို စမ်းကြည့်လိုက်သည်။

သွားပြီ။ မေ့ကျန်ခဲ့ပြီ။





သူမက သူမ၏နာမည်အမှန်ဖြစ်သည့် ပန်းပွင့်လေးကို ရင်ပတ်မှာထိုးလာခဲ့မယ်လို့ ကိုနေလင်းစိုးကို မှာထားခဲ့ပါသည်။

စံကားဝါပန်းလေးတစ်ပွင့်ကို ဝယ်ထားပြီး ညကတည်းက ရေခွက်ထဲမှာစိမ်ကာ ရေခဲသေတ္တာထဲ ထည့်ထားခဲ့ပါသည်။ အိပ်ရာထနောက်ကျပြီး ကမန်းကတန်းထွက်လာမိလို့ ပန်းကလေးကို မေ့ကျန်ခဲ့ပါပြီ။

ကိစ္စမရှိ။ ဘုရားကြီးမှာ စံကားဝါပန်း ဝင်ဝယ်လို့ရနိုင်သည်။ အချိန်မီသတိရလိုက်လို့ တော်ပါသေးရဲ့။

စံကားဝါက မဟာမြတ်မုနိဘုရားကြီးထဲကို ပန်းဝင်ဝယ်ရန်အတွက် ၄၂လမ်းအရောက်တွင် ညာဘက်သို့ချိုးကွေ့လိုက်သည်။

၄၂လမ်း မီးရထားကုန်ကျော်တံတားကြီးပေါ်မှာ ဆိုင်ကယ်ကို ဖြတ်မောင်းလာခဲ့လိုက်သည်။

၈၂လမ်းအရောက်မှာ ဘယ်ဘက်ကိုချိုးကွေ့ကာ ဘုရားကြီးမုခ်ဝတည့်တည့်အတိုင်း ဝင်လာခဲ့လိုက်လေသည်။

ပန်းတန်းမှာ ပန်းဝင်ဝယ်ရာ စံကားဝါပန်းများကို အဆင့်သင့်တွေ့ရလို့ တော်ပါသေးသည်။

စံကားဝါက စံကားဝါပန်းတစ်ပွင့်တည်းကိုဝယ်ပြီး ရှိုးတံကို တီရှပ်လည်ပင်းပေါက်မှာ ထိုးထည့်လိုက်သည်။

နာရီကိုကြည့်လိုက်တော့ ကိုးနာရီထိုးဖို့ ငါးမိနစ်ပဲလိုပါတော့သည်။

ဆိုင်ကယ်ကို အပြင်းမောင်းထွက်ခဲ့လေသည်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

စံကားဝါသည် ကန်တော်ကြီးနဲ့နီးလာလေ စိတ်လှုပ်ရှားမှုမြန်လာလေဖြစ်သည်။ ကိုနေလင်းစိုးသည် သူမကို ဘယ်လိုအသွင်ဖြင့် စောင့်မျှော်နေမှာပါလိမ့်။ သူမကိုမြင်လျှင် ကိုနေလင်းစိုး ဘယ်လိုခံစားရမှာပါလိမ့်။

တကယ်တော့ စံကားဝါကသာ ကိုနေလင်းစိုးကိုမြင်ဖူးထားသည်။ ကိုနေလင်းစိုးက စံကားဝါ့ကို မမြင်ဖူးသေးပါ။ သူ့ဖက်ကကြည့်လျှင် စံကားဝါသည် နာမည်လည်းမသိရ၊ လူလည်းမမြင်ဖူးသောမိန်းကလေးတစ်ယောက် ဖြစ်နေပေသည်။ သူသည် စံကားဝါပြောထားသောမော်တော်ဆိုင်ကယ်နံပါတ်ကို စီးလာသည့်မိန်းကလေးကိုမြင်မှ သူနှင့်ချိန်းထားသောမိန်းကလေးဖြစ်ကြောင်း သိပေလိမ့်မည်။ ပြီးတော့ စံကားဝါ့ရင်ပတ်မှာထိုးထားတဲ့ပန်းကလေးကိုမြင်မှ စံကားဝါ့နာမည်ကိုသိရပေလိမ့်မည်။

စံကားဝါ့အနေဖြင့် ကိုနေလင်းစိုးကို သိပ်ပြီးများ လှည့်စားရာကျနေပြီလားမသိပါ။

စံကားဝါက အစဦးပိုင်းတုန်းကတော့ ကိုနေလင်းစိုးကို သာမန်မျှသာသဘောထားကာ ဖုန်းသရဲလုပ်ပြီး စနောက်နေခဲ့ခြင်းသာဖြစ်ပါ၏။





တစ်နေ့တွင် ကေသီလှိုင်က ကိုနေလင်းစိုးအလုပ်လုပ်သည့်ဆိုင်ကိုသွားပြီး ကိုနေလင်းစိုးကိုကြည့်ကြဖို့ အကြံပေးသည်။ ကေသီလှိုင့်အကြံအတိုင်း သူတို့သည် Maskကိုယ်စီတပ်ကာ ကိုနေလင်းစိုးအလုပ်လုပ်သည့် ကွန်ပြူတာစင်တာသို့ ထွက်ခဲ့ကြလေ၏။

Maskများတပ်ခဲ့ကြခြင်းမှာ ကေသီလှိုင့်ကိုသိနေသော ကိုနေလင်းစိုးက ကေသီလှိုင့်ကို မှတ်မိသွားမည်စိုးသောကြောင့်ဖြစ်ပါသည်။ ကေသီလှိုင်နဲ့တွဲလာတဲ့သူကို စံကားဝါဖြစ်မှန်း သိသွားနိုင်ပေသည်။ ထို့ကြောင့် နှာခေါင်းနှင့်ပါးစပ်ကိုပိတ်ဖုံးသောမတ်စ်များတပ်လာခဲ့ကြခြင်းဖြစ်၏။

ဆိုင်ရောက်တော့လည်း . . . Maskများကိုမချွတ်ပဲဆိုင်ထဲက ပစ္စည်းများကို လိုက်ကြည့်ကြသည်။

ကေသီလှိုင်က ကိုနေလင်းစိုးကို မသိမသာလက်ညှိုးထိုးပြသည်။

ကိုနေလင်းစိုးကို မြင်လိုက်ရသော စံကားဝါသည် ကေသီလှိုင်ညွှန်းဆိုပြောပြထားသမျှကို ထောက်ခံလိုက်ရလေတော့၏။ သူ့အကြောင်းကို ကေသီဖွဲ့နွဲ့ပြောပြထားတာတွေဟာ ပုံကြီးချဲ့ပြောတာ တစ်ခုမှမပါ။ ကိုနေလင်းစိုးသည် တကယ်ပင် ယောကျ်ားပီသကာ ချောမောခန့်ညားသော ယောကျ်ားပျိုတစ်ယောက်ဖြစ်ပါပေ၏။

အဲဒီလို လူလင်ချောချောလေးတစ်ယောက်က မိမိကို အသံကြားရုံဖြင့် အသည်းစွဲကြိုက်နေရှာ... အသိဖွဲ့ဖို့ကြိုးစားခံရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိသေးသည်။

ညပိုင်းမှာ ဖုန်းဆက်တော့ စံကားဝါက သူ့ကိုမြင်ဖူးကြောင်း ပြောပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုနေလင်းစိုး အံ့သြနေပါ၏။

"ခင်ဗျားဖက်က အမြဲခြေတစ်လှမ်းကျောနေပါလား။ ကျွန်တော်ကတော့ ခင်ဗျားနာမည်လေးတောင် သိခွင့်မရဘူးဆိုတော့ ခင်ဗျားနိုင်တာ လွန်လွန်းပြီထင်တယ်"

"အလို မနိုပ်စက်ရပါလား။ နာမည်လေးဖော်နိုင်တာနဲ့ တွေ့ခွင့်ပေးပါမယ်ဆိုထားသားပဲ၊ ဒါဖြင့် ဒီလိုလုပ်လေ၊ တရားမျှတရာကျသွားအောင် ... ကျွန်မက ရှင့်ကိုမြင်ဖူးပြီးသားဆိုတော့ ရှင်ကျွန်မကို မြင်ဖူးအောင် ဓာတ်ပုံပို့ပေးရမလား"

"ဟား ... ကောင်းတာပေါ့ဗျာ၊ ဒါ့ထက်ကောင်းတဲ့အစီအစဉ် မရှိတော့ဘူး"

"ဒါပေမဲ့ ဓာတ်ပုံမြင်မှ ရှင်စိတ်ပျက်သွားမှာစိုးတယ်ရှင်၊ ကျွန်မဓာတ်ပုံမြင်လိုက်ရင် ရှင် ကျွန်မကိုဖုန်းဆက်မှာတောင် မဟုတ်တော့ပါဘူး။ ကျွန်မက ရုပ်ဆိုးတယ်ရှင့်၊ သိရဲ့လား"

"မယုံပါဘူးဗျာ၊ ဘယ်လောက်ရုပ်ဆိုးဆိုးဗျာ၊ ကျွန်တော် ခင်ဗျားကို အသံကြားရုံနဲ့တင်စွဲနေပြီ။ ဓာတ်ပုံလေးသာပို့ပေးပါဗျာ၊ ဓာတ်ပုံကိုင်ပြီး ခင်ဗျားကို မတွေ့တွေ့အောင်လိုက်ရှာမယ်"

"တကယ်"

"တကယ်ပေါ့"

"ဓာတ်ပုံကို ဘယ်လိုပို့ပေးရမှာလဲ"

"စာတိုက်ကပို့ပေါ့"

"စာတိုက်က မပို့ချင်ပါဘူး။ ရှင့်မှာ အီးမေးလ်လိပ်စာရှိတယ်ဆို"





"ဟာ ... ဟုတ်တယ်၊ အီးမေးလ်နဲ့ပို့တာ အကောင်းဆုံးပဲ၊ ကျွန်တော့်ပစ်စ်တင်းကတ်ထဲက အီးမေးလ်လိပ်စာနှစ်ခုမှာ ရှေ့ကတစ်ခုက ကျွန်တော့်အိမ်ကို တိုက်ရိုက်ရောက်တဲ့လိပ်စာပဲ၊ ကျွန်တော် ရွတ်ပြမယ်၊ ... ... ..."

နေလင်းစိုးက သူ့ကိုယ်ပိုင်အီးမေးလ်လိပ်စာကို နှုတ်တိုက်ရွတ်ပြသည်။

"ဟုတ်ပါပြီ၊ ကျွန်မမှာ ကတ်ပြားရှိပါသေးတယ်"

"ခင်ဗျားမှာလည်း အီးမေးလ်ရှိတယ်ပေါ့၊ ခင်ဗျားအီးမေးလ်လိပ်စာလေးလည်း ပြောပါဦး"

"ဟင့်အင်း ... ကျွန်မအိမ်မှာ အီးမေးလ်မတတ်နိုင်ပါဘူးရှင်၊ အပြင်ဆိုင်တစ်ဆိုင်ကနေ ပို့မှာပါ"

စံကားဝါတို့ကွန်ပြူတာမှာ တကယ်ပင် အီးမေးလ်တပ်ဆင်မထားပါ။ စာစီစာရိုက်လုပ်ငန်းဖြင့် စီးပွားရှာရုံသက်သက် ကွန်ပြူတာကို အသုံးပြုခြင်းဖြစ်ပါသည်။

ဓာတ်ပုံပို့ပေးမယ်လို့ ကတိခံလိုက်ပြီးမှ စံကားဝါသည် သူ့ကို စချင်နောက်ချင်စိတ်ပေါ်လာပြန်သည်။ စံကားဝါ့ကို အသံကြားရုံဖြင့် စွဲလမ်းနေတာပါလို့ဆိုထားတဲ့ သူ။

တကယ်လို့များ စံကားဝါဟာ လှလှပပမိန်းကလေးမဟုတ်ဘူးလို့များသိလိုက်ရင် ဘယ်လိုနေမလဲ။

စံကားဝါသည် သူမကိုယ်သူမ အကျည်းတန်သောမိန်းကလေးတစ်ယောက်အဖြစ်ဟန်ဆောင်ပြီး သူ့စိတ်ကို စမ်းသပ်ကြည့်ရန်ဆုံးဖြတ်လိုက်လေသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် စံကားဝါသည် သူမ၏ဓာတ်ပုံတစ်ခုကို Scanဖတ်၊ Photo Shopထဲတွင်ထည့်ကာ ပုံကို သူမတတ်ကျွမ်းသမျှ နည်းလမ်းဖြင့်ပြုပြင်ခဲ့ခြင်း ဖြစ်ပါတော့သည်။

ပြုပြင်ပြီးပုံတစ်ပုံကို အပြင်ဆိုင်တစ်ဆိုင်က အီးမေးလ်ဖြင့် ပို့ပေးလိုက်သည်။

"စံကားဝါရယ် . . . နင်လုပ်ပုံကလည်း၊ တကယ်လို့ နင်ပုံဖျက်ပေးလိုက်တဲ့အတိုင်း နင့်ကိုရုပ်ဆိုးတယ်လို့ထင်သွားရင် ဘယ်လိုလုပ်မလဲ"

ကေသီလှိုင်က ကြားထဲက စိုးရိမ်ကြောင့်ကျနေသေးသည်။

"ထင်လည်း ထင်ပစေပေါ့၊ ငါ့ကိုရုပ်ဆိုးလို့ မဆက်သွယ်တော့ဘူးဆိုရင်လည်း သူ့စိတ်ဓာတ်အမှန်ကို သိရတာပေါ့"

"အဲဒါနင့်အတွက် လွဲတာပဲစံကားဝါ၊ တကယ်တော့ နင်ဟာဓာတ်ပုံထဲကလို တကယ်ရုပ်ဆိုးနေတဲ့ မိန်းကလေးမှမဟုတ်တာ၊ ကိုနေလင်းစိုးအနေနဲ့ နင့်ကို အပြင်မှာတွေ့လိုက်ရင် မကြိုက်ပဲကို နေနိုင်မှာမဟုတ်ဘူး၊ ခုလိုနင်က ရုပ်ဖျက်ပြီးဓာတ်ပုံပို့လိုက်တော့ နင့်ကို တွေ့ဖို့မကြိုးစားပဲ ရှောင်သွားတော့မှာပေါ့ဟဲ့၊ နင် သူ့ကိုလက်လွှတ်လိုက်ရတော့မှာပေါ့"

"လက်လွှတ်ရတော့ ဘာဖြစ်လဲဟယ်၊ ငါက သူ့ကို စွဲလမ်းနေတာမှမဟုတ်တာ၊ မရှားပါဘူး ကေသီရယ်"

"အေးလေ နင်ကတော့ ပြောအားရှိတာပေါ့၊ ငါ့ကိုသာ ကိုနေလင်းစိုးက ဒီလိုစွဲစွဲလမ်းလမ်းဖုန်းတွေဆက်နေရင် ငါကတော့မှုမနေဘူးဟေ့၊ တစ်ခါတည်း ပြေးတွေ့လိုက်မှာပဲ"



ကေသီ့ကို ဟန်လုပ်ပြောလိုက်ရသော်လည်း ကိုနေလင်းစိုးဘက်က ကေသီပြောသလို စိတ်ပျက်ပြီး မဆက်သွယ်တော့မှာကိုတော့ စံကားဝါ စိုးရိမ်မိပါသည်။

ဝန်ခံရလျှင် စံကားဝါ ကိုနေလင်းစိုးကို စွဲလမ်းနေပါပြီ။ သူနဲ့ ညတိုင်းဖုန်းဆက်စကားပြောရတာကို ကြည်နူးနှစ်သိမ့်နေမိသည်။

ဒါကလည်း ကိုနေလင်းစိုးကို အပြင်မှာမြင်တွေ့လိုက်ရဖူး၍ သူ့အပေါ်မှာ တိမ်ညွှတ်သွားမိခြင်းဖြစ်ပါသည်။ ကေသီကတော့ သူနဲ့အတူသွားကြည့်တဲ့တစ်ခေါက်သာ ကိုနေလင်းစိုးကို စံကားဝါမြင်ဖူးခဲ့တယ်လို့ ထင်နေပေသည်။

တကယ်တော့ စံကားဝါသည် ကေသီမပါပဲ တစ်ယောက်တည်း ကိုနေလင်းစိုးတို့ဆိုင်ရှေ့သို့ မကြာမကြာရောက်ခဲ့ပါသည်။ ခပ်လှမ်းလှမ်းမှလည်းကောင်း၊ မျက်နှာချင်းဆိုင်ရှိကော်ဖီဆိုင်ထဲမှာ ထိုင်၍လည်းကောင်း ကိုနေလင်းစိုးကို ငေးကြည့်ခဲ့ဖူးသည်မှာ အကြိမ်ပေါင်းများခဲ့ပါပြီ။

တစ်ခါကလည်း ထမင်းစားချိန်မှာ ကိုနေလင်းစိုးဆိုင်ကယ်ဖြင့် ထွက်သွားတာတွေ့လိုက်၍ စံကားဝါက နောက်ကနေ မသိမသာလိုက်ခဲ့သည်။ သူ ရှမ်းထမင်းဆိုင်မှာ ထမင်းဝင်စားတာကိုတွေ့သည်။ စံကား



www.burmeseclassic.com

www.burmeseclassic.com



ဓါလည်း ခပ်တည်တည်ဖြင့် ရှမ်းဆိုင်က ဟင်းတစ်မျိုးဝင်ဝယ်လိုက်သည်။ တင်းဝင်ဝယ်သော Maskတပ်ထားသည့်မိန်းကလေးတစ်ယောက်ကို စံကားဝါဖြစ်မယ်လို့ ထင်မထားသည့် ကိုနေလင်းစိုးသည် သူ့ဘေးမှ ဟင်းဝယ်ပြီး ထွက်သွားသောစံကားဝါ့ကို သတိမထားမိခဲ့ပါ။

ညပိုင်းဖုန်းဆက်ချိန်မှာ အဲဒီအကြောင်းပြောပြမှ ကိုနေလင်းစိုး မချင့်မရဲဖြစ်နေလေသည်။

"ကိုနေလင်းစိုးက ထမင်းချိုင့်မယူဘူးလား။ နေ့တိုင်း ရှမ်းဆိုင်မှာပဲ ထမင်းဝယ်စားနေကျလား"

"ဗျာ . . . ကျွန်တော် ဒီနေ့ ရှမ်းဆိုင်မှာထမင်းစားတာကို ခင်ဗျားက သိနေတယ်"

"အို . . . သိတာပေါ့၊ ရှင်ထမင်းစားနေတုန်း ကျွန်မတောင် အဲဒီဆိုင်က ဟင်းဝင်ဝယ်သွားသေးတယ်"

"ဟိုက်"

မြို့တော်ခန်းမမှာပြုလုပ်သည့် ကွန်ပြူတာဈေးရောင်းပွဲတော်တုန်းကလည်း ကိုနေလင်းစိုးကို သူတို့စင်တာက ဖွင့်ထားသည့်ဆိုင်မှာ ဆုံခဲ့ရပါသေးသည်။

"နေ့လယ်က ကွန်ပြူတာဈေးရောင်းပွဲတော်မှာ ပရင်တာအသစ်အကြောင်း ကိုနေလင်းစိုးရှင်းပြတာ သိပ်ကောင်းတာပဲနော်"

"ခင်ဗျားက ဘယ်ကမြင်လိုက်တာလဲ"

"အို . . . နားထောင်နေတဲ့လူတွေထဲမှာ ကျွန်မပါတယ်လေ"

"ဟောဗျာ"

အဲဒီလို ကလိခဲ့ရတာတွေအတွက် စံကားဝါပျော်နေခဲ့သည်။





ဒီအကြောင်းတွေကိုတော့ စံကားဝါရှက်လို့ ကေသီ့ကို ဖွင့်မပြောခဲ့ပါချေ။

ကေသီက ကိုနေလင်းစိုးတကယ်စိတ်ပျက်သွားမှာ မစိုးရိမ်ဘူးလားလို့ မေးလိုက်သည်တွင် ဟန်ဆောင်ပြီး ဖြေလိုက်သော်လည်း တကယ်တမ်းကျတော့ စိုးရိမ်မိပါသည်။

ဓာတ်ပုံကို ပုံဖျက်ပြီးပို့ပေးလိုက်တာ မှားများမှားသွားပြီလား။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ညပိုင်းမှာ သူ့ဆီဖုန်းဆက်တော့ ကိုနေလင်းစိုးလေသံက အပြောင်းအလဲဖြစ်မနေပါ။

သူ့ရင်ထဲမှာ ပဟေဠိဖြစ်နေပုံပေါ်သည်။

"ဘယ့်နှယ်လဲ၊ ရှင် ကျွန်မကို တော်တော်စိတ်ပျက်သွားပြီလား"

"စိတ်မပျက်ပါဘူးဗျာ၊ ဒါ ခင်ဗျားပုံအစစ် မဟုတ်ဘူးဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်"

"အို ... ဓာတ်ပုံကို လက်တွေ့မြင်နေရတာတောင် ရှင်က ကျွန်မကို အထင်ကြီးနေတုံးလား၊ တခြားလူတစ်ယောက်ပုံကို ပို့ပေးတယ် ထင်လို့လားဟင်"

"တခြားလူတစ်ယောက်ပုံ မဟုတ်ပါဘူး၊ ဒါ ခင်ဗျားပုံပါပဲ၊ ဒါပေမဲ့ ဒီပုံရဲ့နောက်ကွယ်က ခင်ဗျားအလှတွေကို ကျွန်တော်မြင်နေရတယ်"

"ဟယ် ... ဘဝင်တောင် မြင့်ချင်သွားပြီ"

ကြည့်ရသည်မှာ ကိုနေလင်းစိုးသည်လည်း ကွန်ပြူတာကျွမ်းကျင်သူတစ်ယောက်ဖြစ်သည်မို့ ပုံကိုပြုပြင်ထားသည်ကို ရိပ်မိပုံရနေသည်။





"တကယ်ပါဗျား ကျွန်တော့်အတွက် နောက်တစ်ပုံလောက် ထပ်ပို့ပေးပါဦး"

"နောက်တစ်ပုံ"

"ဟုတ်တယ်၊ နောက်ထပ်တစ်ပုံလောက် ကြည့်ချင်သေးတယ်"

"ဒါဆို တစ်ပတ်တော့ ရှင်စောင့်ရလိမ့်မယ်၊ ကျွန်မက မုန့်ဖိုးသိပ်ရတာမဟုတ်ဘူးရှင့်၊ ဓာတ်ပုံရိုက်ဖို့ပိုက်ဆံက စုရဦးမှာ"

"ကျွန်တော် တစ်ပတ်စောင့်နိုင်ပါတယ်ဗျာ၊ ပို့မှာသာပို့ပေးပါ"

သူ့ဖက်က စိတ်ထားမပြောင်းလဲတာ တွေ့လိုက်ရတော့လည်း စံကားဝါသည် အတင့်ရဲကာ နောက်ထပ်ဓာတ်ပုံများကို ပို့ပေးဖြစ်ခဲ့ပြန်လေသည်။ နောက်ပုံများကိုလည်း ပုံဖျက်၍ ပို့ပေးခဲ့ခြင်းပင်ဖြစ်ပါသည်။

ကိုနေလင်းစိုးဘက်က ဓာတ်ပုံများကိုလက်ခံရင်း အဆက်အသွယ်မပျက်ရှိနေတာကြည့်ပြီး သူ စံကားဝါ့ကို စိတ်ပျက်မသွားဘူးဆိုတာ သိသာပါသည်။

ဒီကြားထဲမှာ ကိုနေလင်းစိုးပါဝင်ဟောပြောသော ကွန်ပြူတာနည်းပညာနှီးနှောဖလှယ်ပွဲကို စံကားဝါတက်ဖြစ်ခဲ့သေးသည်။ ဆီဒိုးနားဟိုတယ်မှာပြုလုပ်မည့် ဆီမီနာဖိတ်စာကို စံကားဝါတို့ ကွန်ပြူတာတက္ကသိုလ်၏ နို့တစ်ဘုတ်မှာ လာကပ်ထားသည်။

သူပါမယ်ဆိုတာမသိပဲနဲ့ ဆီမီနာကို စံကားဝါတက်ဖြစ်ခဲ့ခြင်းဖြစ်သည်။

ဟိုရောက်တော့ ကိုနေလင်းစိုးက ခေါင်းစဉ်တစ်ခုယူကာဟောပြောသည်ကိုတွေ့လိုက်တော့ စံကားဝါသည် ကိုနေလင်းစိုးကို ပိုပြီးအထင်အမြင်ကြီးသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးချိန်မှာ သိလိုသည့်မေးခွန်းများကို ထမေးချင်သော်လည်း သိသွားမှာစိုး၍ မမေးဖြစ်တော့ပဲ ညပိုင်းမှသာ ဖုန်းဆက်ရင်း မေးဖြစ်ပါတော့သည်။

''ဒါဖြင့် ဆီမီနာမှာ ခင်ဗျားရှိနေတယ်ပေါ့၊ အမေးအဖြေကဏ္ဍ လုပ်ပေးထားသားပဲ၊ အဲဒီတုန်းက ဘာဖြစ်လို့ထ,မမေးတာလဲ''

''ကျွန်မကို ရှင်ရိပ်မိသွားမှာစိုးလို့ပေါ့၊ ကျွန်မထဆွေးနွေးရင် ကျွန်မနာမည်ကို ပြောရတော့မယ်လေ၊ အသံထွက်ပြီးမေးရင် ကျွန်မဆိုတာ ရှင်သိသွားမှာပေါ့၊ ဒါဆိုရင် ကျွန်မဝှက်ထားတဲ့ ပဟေဠိတွေကို ကျွန်မကိုယ်တိုင် ပြန်ဖော်သလိုဖြစ်နေမှာပေါ့ မောင်လေးရဲ့''

''ခင်ဗျားလေး တော်တော်လက်ပေါက်ကပ်တာပဲ၊ ခင်ဗျားဘက်က ကျွန်တော့်အကြောင်း သိချင်တိုင်းသိနေရပြီး ကျွန်တော်ကတော့ ခင်ဗျားအကြောင်း ဘာမှမသိရဘူး။ အသံပဲကြားရတယ်၊ ခင်ဗျား ကျွန်တော့်ကို ဘယ်လောက်ကြာတဲ့အထိ နှိပ်စက်ထားဦးမှာလဲဟင်၊ အခုပဲ ခင်ဗျားနှိပ်စက်ထားတဲ့ကာလက သုံးလကြာနေပြီဗျ''

''အင် . . . ဟုတ်လား၊ အချိန်ကိုပါ မှတ်ထားတာကိုး''

''ခင်ဗျားလေးကို စွဲလမ်းလွန်းလို့မှတ်မိနေတာပါဗျာ၊ ခင်ဗျားလေး ကျွန်တော့်ဆီဖုန်းဆက်တော့ ကျွန်တော်ရန်ကုန်မှာအင်တာဗျူး ဖြေဖို့ရောက်နေတာလေ၊ နိုဝင်ဘာလထဲမှာပေါ့၊ အခု နှစ်ကူးပြီးလို့ ဖေဖော်ဝါရီလထဲတောင် ရောက်နေပြီ၊ သုံးလရှိပြီဗျ''

''ခစ် . . . ခစ် . . . ၂၀၀၅ခုနှစ်ကနေ ၂၀၀၆ခုနှစ်ကူးသွားတာကို တစ်နှစ်လို့ထည့်မတွက်လို့ တော်သေးတာပေါ့''





''တစ်နှစ်ကြာအောင်သာ ခင်ဗျားလေးအချိန်ဆွဲထားရင် ကျွန်တော်တော့ ရူးတောင်ရူးသွားနိုင်တယ်ဗျာ''

''အို . . . အဲ့လောက်တောင်ပဲလား၊ သနားတောင်သနားသွားပြီ''

''သနားရင် တွေ့ခွင့်ပေးဗျာ''

''သည်းခံလက်စနဲ့ သည်းခံလိုက်ပါဦးမောင်လေးရယ်၊ မမလည်း သက်ဆိုင်သူတွေဆီက အကြံဉာဏ်တောင်းလိုက်ပါဦးမယ်''

''ဘာ . . .''

''မမမှာ အုပ်ထိန်းသူတွေ အတိုင်ပင်ခံတွေရှိသေးတယ်ကွယ့်၊ သူတို့နဲ့တိုင်ပင်လိုက်ဦးမယ်နော်၊ ဂွတ်နိုက်''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

သူ့ကိုတွေ့ခွင့်ပေးသင့်မပေးသင့် ကေသီနှင့်တိုင်ပင်ကြည့်ရပါသည်။

"နှင့်ဘက်က နှိပ်စက်တာတွေများနေပြီလေ စံကားဝါ၊ နှင်လုပ်ပုံက ငါတောင် ကိုနေလင်းစိုးဆီပြေးပြီး နှင့်နာမည်ကိုဖော်ကောင်လုပ်ချင် စိတ်ပေါက်နေပြီ"

"နှင်ကလည်းဟာယ ..."

"ဟုတ်တယ်လေ၊ ဟိုဖက်က နှင့်ကိုအသည်းအသန်စိတ်ဝင်စားနေတာကို နှင်က ပဟေဠိတွေလုပ်နေတော့ ကြာရင် နှင့်ကိုစိတ်ပျက်သွားလိမ့်မယ်နော်"

"ဟင် ..."

"နှင်စဉ်းစားကြည့်စမ်း။ နှင့်ပုံတွေကို ပုံဆိုးပန်းဆိုးကြီး ဖြစ်အောင်ဖျက်ပြီးပို့လိုက်တာတောင် သူကစိတ်မပျက်ပဲ တွေ့ခွင့်တောင်းနေတယ်ဆိုတော့ နှင့်ကိုတကယ်စွဲလမ်းလို့ပေါ့ဟ"

"နှင်ပြောသလိုဆို ငါ့ကို ဓာတ်ပုံထဲကလို ရုပ်ဆိုးဆိုးကြီးမဟုတ်ဘဲ နဂိုပုံစံအတိုင်းတွေ့လိုက်ရင်တောင် စိတ်ပျက်သွားမယ် ထင်တယ်နော်"

"ဘာဖြစ်လို့လဲ"





"ရုပ်ဆိုးအောင်ဖျက်ထားတဲ့ပုံကိုမှ သူကကြိုက်နေသလားလို့လေ၊ တချို့စိတ်က ခပ်ဆန်းဆန်းရယ်ဟဲ့"

"ကိုနေလင်းစိုးက အဲဒီလောက်တော့ မကြောင်လောက်ဘူး စံကားဝါ၊ နှင် ရုပ်ဖျက်တာက တစ်ပုံနဲ့တစ်ပုံ တူမှမတူပဲ၊ တစ်ပုံမှာ မျက်လုံးပြူးပြီး နောက်တစ်ပုံကျ အဲဒီမျက်လုံးက ကောင်းနေပြန်တယ်လေ၊ ဘယ်မှာ ရုပ်ရည်ချင်းညီလို့လဲ၊ သူလည်း ကွန်ပြူတာအိတ်စပတ်တစ်ယောက်ပဲ၊ နှင်လုပ်ထားတာရိပ်မိမှာပေါ့"

"အေး ... ဟုတ်သားပဲ"

"အဲဒီတော့ ... သူတောင်းဆိုတုန်းအချိန်မှာ သွားတွေ့လိုက်ပါ စံကားဝါရယ်၊ သိပ်လည်း မူမနေပါနဲ့တော့၊ သူက နှင့်ကို ချစ်စကားကြိုက်စကားရော ပြောနေပြီလားဟင်၊ ပွင့်ပွင့်လင်းလင်းမဟုတ်တောင် ရိပ်ဖမ်းသံဖမ်းပေါ့"

စံကားဝါက နောက်ဆုံးအနေအထားများကို ပြောပြလိုက်သည်။

ညစဉ်ဖုန်းဆက်ပြောသောစကားများထဲ၌ ချစ်ခွန်းဖွင့်ဆိုသံများ ခပ်စိတ်စိတ်ကလေး ပါလာခဲ့ပါပြီ။

"ကိုယ့်ကိုဘယ်လောက်ထိနှိပ်စက်ထားဦးမှာလဲ ခင်ဗျားကို ကျွန်တော် တွေ့ချင်လှပြီ၊ ကျွန်တော် ခင်ဗျားလေးကို သိပ်ချစ်နေပြီဗျ၊ သိရဲ့လား"

"ဒီကလည်း ရှင့်အခွင့်အရေးကို တားဆီးပိတ်ပင်ထားတာမှ မဟုတ်တာ၊ ပြန်စဉ်းစားပါဦးလေ၊ ကျွန်မနာမည်ကိုဖော်နိုင်ရင် တွေ့ခွင့်ပေးမယ်လို့ ပြောထားပြီးပြီပဲ"

"ခင်ဗျားက ခက်တဲ့နာမည်ကို မှည့်ထားတာပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"နာမည်ပဲ ခက်တဲ့နာမည် လွယ်တဲ့နာမည်ရှိသေးလို့လား ရှင်ကြီးရယ်၊ ရှင်ကြီးဟာရှင်ကြီး မစဉ်းစားနိုင်တာများ"

"နာမည်ကို မှန်အောင်မဖော်နိုင်တာနဲ့တော့ ကျွန်တော့်ခင်မင်မှုကို အမှတ်မလျှော့သင့်ပါဘူး ခင်ဗျားလေးရယ်"

"... ... ..."

"ဒါဆို သူက နှင့်ကိုဖွင့်ပြောတဲ့အဆင့်တောင် ရောက်နေပြီပေါ့"

"အဲဒါကြောင့် သူတောင်းဆိုသလို တွေ့ခွင့်ပေးသင့် မပေးသင့် နှင့်ကိုတိုင်ပင်နေတာပေါ့ ကေသီ၊ ငါလည်းသူ့ကို အယက်လူကြီးတွေ၊ အတိုင်ပင်ခံပုဂ္ဂိုလ်တွေနဲ့ တိုင်ပင်ဦးမယ်လို့ပြောလိုက်တယ်"

"ကြီးကြီးကျယ်ကျယ်ဟာယ် ... နှင့်မှာ တိုင်ပင်စရာဆိုလို့ ငါတစ်ယောက်တည်းရှိတာများ"

"အေးလေ နင်က ငါ့အတိုင်ပင်ခံပဲပေါ့"

"ကဲ ဒါဖြင့်အတိုင်ပင်ခံအနေနဲ့ အကြံပေးမယ်၊ သိပ်နှိပ်စက်မနေနဲ့တော့၊ သွားသာတွေ့လိုက်ပါတော့ မမချောရယ်၊ ပြီးတော့လည်း တစ်ခါတည်းသာ အဖြေပေးလိုက်ပါတော့"

"အို အဖြေပေးရမယ်၊ အဖြေပေးဖို့ကတော့ မစောလွန်းသေးဘူးလားကေသီရဲ့"

"မစောလွန်းသေးဘူးလားလို့ နင်ပြောတဲ့စကားထဲမှာကို တစ်ချိန်ချိန်တော့ နင်သူ့ကိုအဖြေပေးမယ်ဆိုတဲ့ သဘောတွေပါနေပြီ၊ နင်သူ့ကိုအကဲခတ်ပြီးပြီပဲဟာ၊ မှုမနေပါနဲ့တော့"





လူချင်းက ခုမှ ပထမဆုံးအကြိမ်တွေ့ရမှာဟဲ့၊ အေးလေ သူနဲ့တွေ့မှ သူ့ကိုအကဲခတ်ပြီး အဖြေပေးသင့်ရင် ပေးတော့မယ်၊ လူချင်းတွေ့မှ သူက ငါ့ကို ချစ်ရေးမဆိုရင်အခက်ဟဲ့"

"ကိုနေလင်းစိုး နှင့်ကို ချစ်စကားဖွင့်ပြောကိုပြောမယ်ဆိုတာ ငါသိနေပါတယ် စကားဝါရယ်၊ အဲဒီတော့ တွေ့ဖို့တစ်နေ့နေ့ကို ချိန်းသာချိန်းလိုက်ပါတော့ဟာယ်"

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ စကားဝါသည် ကိုနေလင်းစိုးကို ယနေ့တွေ့ခွင့်ပေးဖို့ ချိန်းဆိုထားခဲ့ခြင်းဖြစ်ပါ၏။

၂၀၀၆ခုနှစ်၊ ဖေဖော်ဝါရီလ(၁၁)ရက်၊ စနေနေ့။

ဖေဖော်ဝါရီလ(၇)ရက်၊ အင်္ဂါနေ့တွင် သူ့ကိုချိန်းဆိုခဲ့ခြင်း ဖြစ်ပါသည်။ ကြားထဲမှာ ဗုဒ္ဓဟူး။ ကြာသပတေး။ သောကြာသုံးရက်ကို သူ့ဆီဖုန်းမဆက်တော့။ သူ့ဆီကဖုန်းကိုလည်း လက်မခံတော့။

ဒီနေ့တော့ ချိန်းဆိုထားသောစနေနေ့ ဖြစ်ပါသည်။

အိပ်ရာထနောက်ကျသွားတဲ့ ကိုယ့်ကိုယ်ကိုယ်အပြစ်တင်ကာ သူနဲ့တွေ့ဖို့ စံကားဝါထွက်လာခဲ့ပါပြီ။

နာရီကိုကြည့်လိုက်တော့ ကိုနာရီထိုးဖို့ နှစ်မိနစ်၊ သုံးမိနစ်ပဲ လိုတော့သည်။ ကန်တော်ကြီးနှင့်နီးနေပြီမို့ အချိန်မီရောက်သွားနိုင် ပါသည်။

ကိုနေလင်းစိုးလည်း ရောက်နေနှင့်လောက်ပြီ။

စံကားဝါက မန္တလေး – စစ်ကိုင်းလမ်းမကြီးပေါ် အရောက်တွင် ဆိုင်ကယ်ကို ကီလိုလေးဆယ်နှုန်းသို့ အရှိန်မြှင့်လိုက်သည်။





ကန်တော်ကြီးထိပ်အရောက်တွင် ဆိုင်ကယ်ကို ညာဘက်သို့ ချိုးကွေ့ချလိုက်သည်။

ကန်တော်ကြီးတစ်ခွင်၌ လူသူစည်ကားသွားလာနေတာတွေကို တွေ့ရ၏။ ဒီနေ့ စနေနေ့မို့ လူစည်နေခြင်းပဲဖြစ်လိမ့်မည်။

စံကားဝါက ချိန်းထားသော သစ်သားရေစင်ကြီးနားအထိ ဆိုင်ကယ်ကိုစီးသွားကာ တစ်ဖက်မှယာဉ်ကြောအရှင်းတွင် ဆိုင်ကယ်ကို ဂငယ်ကွေ့ကွေ့လိုက်သည်။

ရေစင်ရှေ့တွင် ဆိုင်ကယ်ကိုရပ်လိုက်သည်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

ရေစင်ရှေ့မှာဆိုင်ကယ်ရပ်လိုက်ချိန်သည် ကိုးနာရီအတိဖြစ်သည်။

သို့သော် ... ရေစင်ရှေ့၌ ကိုနေလင်းစိုးရှိမနေပါ။

သူ ရောက်နှင့်မနေပါလား။

စံကားဝါက ဆိုင်ကယ်ပေါ်မှဆင်းလိုက်သည်။ ဆိုင်ကယ်ကို သော့ဖြုတ်ကာ ဇက်သော့ခတ်သည်။

ရေစင်ပေါ်သို့ တက်လာခဲ့သည်။

ရေစင်ပေါ်၌ လူငယ်စုံတွဲသုံးတွဲရှိနေ၏။

ကန်တော်ကြီးရေပြင်သည် နေရောင်ဟပ်ကာ လှပလို့နေပေ၏။ လေပြေကလေးညင်းညင်း တိုက်ခတ်လျှက်ရှိသည်။

စံကားဝါက လမ်းမဘက်သို့ မျက်နှာပြန်လှည့်ကာ ကိုနေလင်းစိုးကို မျှော်ကြည့်နေမိသည်။

သူဘာဖြစ်လို့ ရောက်မလာသေးတာပါလိမ့်။

ကန်တော်ကြီးပတ်လမ်းတလျှောက်တွင် ဆိုင်ကယ်များ၊ ကားများ၊ စက်ဘီးများ ဥဒဟိုဝင်လာလျှက်ရှိသည်။ အများအားဖြင့် ဆိုင်ကယ်များဖြစ်ပါသည်။ အားလုံးက လူငယ်စုံတွဲတွေချည်းဖြစ်သည်။





ကန်ဘေးတဝိုက်ရှိ သစ်သားခုံတန်းများ၊ ပန်းခြံများအတွင်းမှာလည်း စုံတွဲအတော်များများကို တွေ့မြင်နေရသည်။

စံကားဝါက အဝင်လမ်းမဘက်သို့ မျှော်ကြည့်မိပြန်သည်။ ကိုနေလင်းစိုး ဆိုင်ကယ်ဝင်လာသည်ကိုမတွေ့ရ။ သူက ဆိုင်ကယ်နဲ့ပဲလာခဲ့မည်ဟုပြောထားသည်။

စံကားဝါနာရီကို ငုံ့ကြည့်မိပြန်သည်။ ကိုးနာရီထိုးပြီးလို့ ဆယ်မိနစ်။ ဘာဖြစ်လို့ နောက်ကျနေတာပါလိမ့်။

သူ စံကားဝါ့ကို ပြန်ပြီးပညာပြလိုက်ပြီလား။ အို ... မဟုတ်နိုင်ပါဘူးလေ၊ သူပဲစံကားဝါနဲ့တွေ့ချင်လို့ တောင်းဆိုခဲ့တာ မဟုတ်လား။ သူလာမှာပါ။ လမ်းမှာ တစ်ခုခုအဆင်မပြေလို့ နောက်ကျနေတာထင်ပါရဲ့။

သိပ်နောက်ကျတဲ့အထိ ပေါ်မလာမှပဲ ဖုန်းဆက်ကြည့်တော့မည်။

စံကားဝါက အပျင်းပြေ ကန်ပေါင်ရိုးအတိုင်း လျှောက်လာခဲ့သည်။ ကြည့်လေရာတွင် စုံတွဲများကိုချည်း မြင်နေရသည်။

စံကားဝါလျှောက်လာရာ ဥယျာဉ်ထဲတွင် ဖွင့်ထားသော စားသောက်ဆိုင်ကြီးတစ်ဆိုင်ရှေ့သို့ ရောက်လာသည်။ ဥယျာဉ်ထဲက ဆိုင်ကို သစ်ပင်များအောက်တွင် စားပွဲများခင်းကျင်း၍ ပြုပြင်ထားသည်။ ကန်စပ်တွင်လည်း စင်တစ်ခုကိုတွေ့ရသည်။ တေးဂီတဖျော်ဖြေရေးစင်မြင့်တစ်ခုဖြစ်ပါသည်။

ဥယျာဉ်အဝင်ဝရွှေင်ထောင်ထားသော ဗီနိုင်းဆိုင်းဘုတ်ကြီးတစ်ခုကို စံကားဝါက မော့ကြည့်ရင်းဖတ်လိုက်သည်။ ဆိုင်းဘုတ်ပေါ်မှာ နာမည်ကြီးအဆိုတော်တချို့ပုံများကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ဘုတ်ပေါ်မှ စာသားများကိုဖတ်လိုက်မိသည်တွင် စံကားဝါ မျက်နှံနှစ်ဖက် မြင့်တက်သွားလေသည်။

**Valentines Day, 14th February 2009**

၂၀၀၉ခုနှစ်၊ ဖေဖော်ဝါရီလ(၁၄)ရက်

ပျော်ပွဲရွှင်ပွဲ ညနေဗြနာရုံစတင်မည်။

အကျွေးအမွေး– ဘူဖေးဒင်နာ

ဖျော်ဖြေရေး– Rဇာနည်၊ မျိုးကျော့မြိုင်၊

စိုင်းစိုင်းခမ်းလှိုင်၊ မျိုးကြီး၊ ဖြိုးကြီး၊ ဖြူဖြူကျော်သိန်း၊

ချစ်သုဝေ၊ တင့်တင့်ထွန်း၊ ထွန်းအိန္ဒြာဗို၊ သဇင်

"ဟင် ..."

၂၀၀၉ခုနှစ်၊ ၂၀၀၉ခုနှစ်ဆိုပါလား။ အခုမှ ၂၀၀၆ခုနှစ်ပဲရှိသေးသည်။ ၂၀၀၉ခုနှစ်မှလုပ်မယ့်ပွဲကို သုံးနှစ်ကြိုပြီး အခုကတည်းက ဘာလို့ကြော်ငြာထားပါလိမ့်။

စံကားဝါက အံ့သြနေမိလေသည်။

မဖြစ်နိုင်။ ပွဲတစ်ပွဲကို သုံးနှစ်ကြိုကြော်ငြာထားတယ်ဆိုတာ မဖြစ်နိုင်။

စံကားဝါက စာသားများကို သေချာဖတ်ကြည့်ပြန်သည်။

မမှားပါ။ သူမ အမြင်မမှားပါ။ ၂၀၀၉ခုနှစ်တဲ့။

စံကားဝါ့စိတ်ထဲမှာ အံ့သြစိတ်နှင့်အတူ ဇဝေဇဝါဖြစ်လာသည်။

ဥယျာဉ်ထဲကို လက်ချင်းချိတ်၍ ဝင်လာသောစုံတွဲတစ်တွဲကို အတွေ့တွင် စံကားဝါက သိလိုစိတ်ကိုမထိန်းနိုင်ပဲ မေးလိုက်မိလေသည်။

"ဟော့ ... ဟော့ ... အခု ဘယ်နှခုနှစ်လဲဟင်"





"ဗျာ"

ကောင်လေးက စံကားဝါ့ကို အံ့သြတကြီးပြန်ကြည့်ရင်း အာမေဋိတ်သံပြုလိုက်သည်။ ကောင်မလေးကလည်း ပါးစပ်အဟောင်း သားဖြင့် ကြည့်နေ၏။

"ဒီနှစ် ဘယ်နှခုနှစ်လဲလို့ မေးတာပါ။ ဘာဖြစ်လို့လဲ"

"၂၀၀၉ ၂၀၀၉ခုနှစ်လေ အစ်မရဲ့"

"အို ..."

"ဟုတ်တယ်၊ ၂၀၀၉ခုနှစ်၊ ဖေဖော်ဝါရီလ(၁၄)ရက်လေ မမ၊ ဒီနေ့ Valentines Dayလေ"

ကောင်လေးနှင့်ကောင်မလေးစုံတွဲက "ဒါလေးတောင် မသိရန်ကော" ဆိုသည့်အကြည့်ဖြင့် စံကားဝါ့ကို အရူးတစ်ယောက်လို ကြည့်သွားပြီး ဥယာဉ်ထဲသို့ ဝင်သွားလေတော့သည်။

ဘယ်လိုဖြစ်တာလဲ။ အခုမှ ၂၀၀၆ခုနှစ်ပဲ ရှိသေးတာပါ။ ၂၀၀၆ ခုနှစ်ဖေဖော်ဝါရီလ၁၁ရက်မှာ ကိုနေလင်းစိုးနှင့် ချိန်းထားခြင်းဖြစ်သည်။ စံကားဝါလုံးဝမမှားပါ။ ၂၀၀၉ခုနှစ်တဲ့၊ ဘယ်လိုတွေဖြစ်ကုန်တာလဲ။

စံကားဝါက ၂၀၀၉ဆိုတာကို လက်မခံနိုင်သေးပဲ ဥယျာဉ်ထဲ အထိ ဝင်သွားလိုက်သည်။ ဆိုင်ကောင်တာအထိ လျှောက်သွားကာ မေးလိုက်သည်။

"ပြက္ခဒိန်ကြည့်ပါရစေ၊ ကျွန်မကိုပြက္ခဒိန်လေး ခဏလောက် ပြပါ"

"ခင်ဗျာ"

"ပြက္ခဒိန်လေ၊ ပြက္ခဒိန်ခဏကြည့်ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



''ဩော် . . . ဟုတ်ကဲ့၊ ဟုတ်ကဲ့''

ကောင်တာမှလူက စံကားဝါကို အံ့သြသလိုကြည့်ရင်း နောက်ဘက်နံရံတွင် ချိတ်ထားသော ပြက္ခဒိန်ကိုထုတ်ပေးသည်။

ပြက္ခဒိန်ပေါ်မှာ ရိုက်ထားသည့်ခုနှစ်က . . . **2009**

''ဒါ ဒါ ဒီနှစ်ပြက္ခဒိန် . . . ဟုတ်ရဲ့လား''

''ဟုတ်တယ်လေ၊ ခင်ဗျားလက်မှတ် ဝယ်ချင်ရင် အတွင်းထဲကို ဝင်သွားပါ၊ လက်မှတ်တွေကျန်သေးတယ်၊ ပွဲက ညနေခြောက်နာရီမှ''

''အို . . .''

စံကားဝါသည် ပြက္ခဒိန်ကို အဆိပ်ရှိသတ္တဝါတစ်ကောင်သဖွယ် အလန့်တကြားဖြင့် လက်ထဲမှလွှတ်ချလိုက်သည်။

''မဟုတ်ဘူး၊ မဟုတ်ဘူး''

သွေးရူးသွေးတန်းအော်ဟစ်ရင်း နောက်ကြောင်းပြန်လှည့်ကာ ဆိုင်ထဲမှပြေးထွက်ခဲ့လေသည်။

☼ ☼ ☼

''မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဒါမဟုတ်ဘူး''

စံကားဝါသည် နှုတ်မှတတွတ်တွတ်ရေရွတ်ရင်း ဆိုင်ထဲမှပြေး ထွက်လာခဲ့သည်။

ဥယျာဉ်ထဲမှ ပြေးထွက်လာခဲ့သည်။

ဆိုင်ကယ်ရှေ့ရောက်မှပင် ရပ်လိုက်၏။

စိတ်ကိုငြိမ်အောင်ထားကာ ပြန်စဉ်းစားသည်။ ၂၀၀၆ခုနှစ်က နေ ၂၀၀၉ခုနှစ်ကို ဘာလို့ချက်ချင်းပြောင်းသွားရတာလဲ။ မိမိအိမ်က ထွက်လာပြီး ကန်တော်ကြီးကိုရောက်တဲ့အထိ အချိန်ဟာ သုံးနှစ်ကြာ သွားသလား။

မဖြစ်နိုင်။ လုံး . ဖြစ်နိုင်။

ကိုနေလင်းစိုးလည်း ရောက်မလာပါလား။

ကိုနေလင်းစိုးဆီကို ဖုန်းဆက်မေးကြည့်ဖို့ သတိရလိုက်သည်။

စံကားဝါက ခါးမှာချိတ်ထားသည့်ဟန်းဖုန်းကို ဖြုတ်လိုက်သည်။ ဖုန်းကစက်ပိတ်ထားဆဲဖြစ်သည်။ ညကတည်းက ပိတ်ထားသောစက်ကို ပြန်မဖွင့်ရသေး။



www.burmeseclassic.com

www.burmeseclassic.com



စံကားဝါက ဖုန်းခလုတ်ကိုနှိပ်၍စက်ဖွင့်ကာ ကိုနေလင်းစိုးနံပါတ်ကိုခေါ်လိုက်သည်။

ချက်ချင်းပင် ဖုန်းဝင်သွားသည်။

တစ်ဖက်က ကိုနေလင်းစိုးအသံထွက်ပေါ်လာသည်။

''စံကားဝါလား''

''အိုး ... ရှင်ကျွန်မနာမည်ကို သိနေပြီ''

''စံကားဝါ၊ စံကားဝါ၊ အခု ဘယ်ရောက်နေတာလဲ၊ ကိုယ်လာခဲ့မယ် စံကားဝါ''

''ကိုနေလင်းစိုး၊ ကျွန်မတော့ရူးတော့မယ်၊ စံကားဝါတော့ရူးတော့မယ်၊ အခု ၂၀၀၉ခုနှစ်ဆို၊ ၂၀၀၆ခုနှစ်ကနေ ၂၀၀၉ခုနှစ်ဘယ်လိုဖြစ်သွားတာလဲ၊ အို ... စံကားဝါတော့ရူးတော့မယ် ကိုနေလင်းစိုးရယ်၊ ဘယ်လိုမှ နားမလည်နိုင်တော့ဘူး''

''စံကားဝါ စိတ်ကိုငြိမ်ငြိမ်ထား၊ အားလုံးကို ကိုယ်ဖြေရှင်းပေးမယ်၊ စံကားဝါအခု ဘယ်ရောက်နေလဲ''

''ရှင်နဲ့ချိန်းထားတဲ့ ကန်တော်ကြီးမှာလေ''

''ဟာ ... ရေစင်ရှေ့မှာပေါ့၊ ဟုတ်လား''

''ဟုတ်တယ်၊ ရှင်ဘာဖြစ်လို့ မလာတာလဲ၊ ကျွန်မနာမည်ကိုရော ဘယ်လိုသိသွားတာလဲ၊ ၂၀၀၆ကနေ၂၀၀၉ဘယ်လိုဖြစ်သွားတာလဲ ... အို ...''

''စံကားဝါ ... စံကားဝါ ... အခုချက်ချင်းကိုယ်လာခဲ့မယ်၊ စံကားဝါ အဲဒီအနားကနေ ဘယ်မှုမသွားနဲ့၊ တစ်ဖဝါးမျှမရွေ့နဲ့၊ ဘယ်သူနဲ့မျှလည်း စကားမပြောနဲ့တော့၊ ကိုယ်လာပြီ၊ ကိုယ်ခုချက်ချင်းလာခဲ့ပြီနော်''



# အပိုင်း ( ၄ )

www.burmeseclassic.com

www.burmeseclassic.com

တက္ကစီတစ်စီးက ကန်တော်ကြီးပတ်လမ်းထဲသို့ အမြန်မောင်းဝင်လာသည်။ ရေစင်ရှေ့အရောက်တွင် ဂယ်ကွေ့ပြန်ကွေ့ကာ ရပ်လိုက်သည်။

စံကားဝါ့ရှေ့တည့်တည့်တွင် ရပ်လိုက်ခြင်းဖြစ်သည်။

ကားပေါ်မှာပါလာသူများကိုအတွေ့တွင် စံကားဝါနားမလည်နိုင်အောင်ဖြစ်သွားရလေသည်။

ကားရှေ့ခန်းမှာ ကိုနေလင်းစိုး။

ကားနောက်ခန်းမှာတော့ မေမေနှင့်ကေသီလှိုင်။

မေမေက ကားတံခါးကိုဖွင့်ဆင်းရင်း စံကားဝါ့ဆီ အပြေးလာကာ စံကားဝါ့ကို ပွေ့ဖက်လိုက်သည်။

''အမလေး သမီးရယ် ... စိုးရိမ်လိုက်ရတာ၊ သမီး ... သမီးသတိပြန်ရပြီပေါ့နော်''

''သတိရပြန်ရပြီ၊ သမီးက ဘာဖြစ်လို့ ...''

ကိုနေလင်းစိုးနှင့်ကေသီလှိုင်ပါ ကားပေါ်ကဆင်းလာသည်။

''ကေသီ၊ အို ... မေမေတို့ ကိုနေလင်းစိုးနဲ့ဘယ်လိုသိပြီး လိုက်လာတာလဲဟင်''





''စံကားဝါရယ် ... နင်အိမ်က ထွက်သွားတယ်ဆိုတော့ အန်တီမှာစိုးရိမ်ပြီး ငါ့ဆီရော ကိုနေလင်းစိုးဆီရော ဖုန်းဆက်တာပေါ့၊ နင်က ဘယ်ကို ထွက်သွားမှန်းမသိဘူးလေ၊ ဘယ်ကိုလိုက်ရမှန်းလည်း မသိဘူး၊ ငါတို့ အိမ်ကနေ ထိုင်စောင့်ပြီး နင့်အတွက်စိုးရိမ်နေကြတာ၊ နင့်ဖုန်းကို ခေါ်တော့လည်း ဖုန်းကစက်မဖွင့်ရသေးဘူး၊ အခု နင်လှမ်းဆက်မှ ငါတို့ လိုက်လာနိုင်တာပေါ့''

ကေသီက အကျိုးအကြောင်းရှင်းပြနေသည်။ သို့သော် ... စံကားဝါ နားမလည်ပါ။

''ကဲပါလေ ... ဒါတွေ စံကားဝါနားလည်နိုင်မှာ မဟုတ်သေးဘူး။ ဒီပုံအတိုင်းဆိုရင်တော့ စံကားဝါအားလုံးကို ပြန်ပြီးသတိရလာပါပြီ အန်တီ၊ မစိုးရိမ်ပါနဲ့တော့''

ကိုနေလင်းစိုးက ဝင်ပြောသည်။

''ကဲ စံကားဝါ၊ အားလုံးကိုအိမ်ရောက်မှ ရှင်းပြတော့မယ်၊ ခုတော့ ... အိမ်ပြန်ကြရအောင်၊ ကားပေါ်ကိုတက်၊ ဆိုင်ကယ်သော့ကို ကိုယ့်ပေးခဲ့၊ ဆိုင်ကယ်ကို ကိုယ်မောင်းခဲ့မယ်''

ကိုနေလင်းစိုးအပြောအတိုင်း စံကားဝါနာခံလိုက်ပါသည်။ ဆိုင်ကယ်သော့ကို ပေးလိုက်သည်။

စံကားဝါဘာကိုမျှ စဉ်းစားကြည့်လို့မရ။ သူတို့တွေရှင်းပြမှပဲ စံကားဝါ သဘောပေါက်နိုင်ပါတော့မည်။

စံကားဝါက စဉ်းစားလို့မရတဲ့အတူတူ ဘာမျှတွေးမနေတော့ပေ။ ကားပေါ်တက်ထိုင်လိုက်သည်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၆ခုနှစ်၊ ဖေဖော်ဝါရီလ(၁၁)ရက်၊ စနေနေ့။

နေလင်းစိုးသည် စံကားဝါချိန်းဆိုထားသည့်အတိုင်း ကန်တော်ကြီးရေစင်ရှေ့တွင် စောင့်နေခဲ့သည်။

ကိုးနာရီကျော်သည့်အထိ စံကားဝါပေါ်မလာပါ။

နေလင်းစိုးက အရှေ့ဘက်သို့ မကြာမကြာ မျှော်ကြည့်နေမိသည်။ မော်တော်ဆိုင်ကယ်များ၊ ကားများ ဥဒဟိုဝင်လာနေသည်။ ဝင်လာသမျှ ဆိုင်ကယ်များကို မျှော်မျှော်ကြည့်ကာ နံပါတ်ကို လှမ်းလှမ်းဖတ်ရသည်မှာလည်း အမော။

ယခုထိတော့ ဗိဂထာန်းနှင့်စသောဆိုင်ကယ်များကို တွေ့ရသော်လည်း ထိုဆိုင်ကယ်များက သူ့ရှေ့တွင်ရပ်မလာ။ ဆက်၍ မောင်းနှင်သွားကြသည်ကိုသာ တွေ့ရသည်။

ချိန်းထားချိန် ကိုးနာရီတိတိအထိတော့ နေလင်းစိုးစိတ်ရှည်ပါသေးသည်။ ကိုးနာရီကျော်လာတော့ စိတ်မရှည်ချင်တော့။

သူမ ပညာပြပြန်ပြီထင်သည်။

ဒါမှမဟုတ် သူမထုံးစံအတိုင်း ပဟေဠိဆန်အောင်လုပ်နေပြန်ပြီလား။

ဆုပြည့်စုံထွန်းစာပေ



သူမနှင့်စပြီး သိရကတည်းက ပုစ္ဆာဆန်ခဲ့သောမိန်းကလေး။ သုံးလအတွင်းမှာ သူမက သူ့ကို ပုစ္ဆာပေါင်းများစွာပေးခဲ့သည်။ ပဟေဠိပေါင်းများစွာမေးခဲ့သည်။

ယခုအထိ သူမနာမည်ကို နေလင်းစိုးမသိရသေး။

ယခုချိန်းဆိုထားသည်မှာလည်း သူမနှင့်ပထမဆုံးအကြိမ်တွေ့ဆုံခြင်းပင်ဖြစ်ပါသည်။

သူမနာမည်အမှန်ကိုလည်း နေလင်းစိုးမသိရသေးသလို၊ သူမကိုလည်း နေလင်းစိုး မမြင်ဖူးသေးပါ။

လည်ပင်းသည် မျှော်ကြည့်လျှင် ရှည်ထွက်တတ်သောအရာသာဖြစ်ပါက နေလင်းစိုးလည်ပင်းမှာ ကန်ပတ်လမ်းအဝင်ဝသို့ပင် ရောက်နေရော့မည်။

ကိုးနာရီဆယ်မိနစ်။

ကိုးနာရီဆယ့်ငါးမိနစ်။

သူ ငါ့ကိုကြည့်စယ်ချင်လို့ တမင်နောက်ကျနေတာဖြစ်မှာပါ။ စိတ်ကိုဖြေတွေးသော်လည်း စိတ်ကငြိမ်မသွားချေ။

တကယ်သာ ကြည့်စယ်ချင်တယ်ဆိုလျှင်တောင် နာရီဝက်ထက်တော့ပိုပြီးနောက်မကျသင့်ပါ။ နာရီဝက်ဆိုတာတောင် လွန်လှပြီ။

နေလင်းစိုး စိတ်ပျက်အားလျော့စွာ နာရီကိုငုံ့ကြည့်လိုက်တော့ ၉နာရီ ၄၅မိနစ်။

သွားပြီ။

သူမ မလာတော့ဘူး ထင်ပါသည်။

ရက်စက်လှချေလား။

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



နေလင်းစိုးက တောက်တစ်ချက်ပြင်းပြင်းခေါက်လိုက်သည်။

သူမ သူ့ကို အရူးလုပ်လေပြီ။

နာရီကိုကြည့်လိုက်တော့ ဆယ်နာရီ။

တစ်နာရီတိတိနောက်ကျပြီးမှတော့ သူမရောက်လာတော့မည် တတ်ပေ။

နေလင်းစိုးမျက်ရည်ပင် ဝိုင်းလာမိသည်။

သူမကိုစိတ်ဆိုးသလို ကိုယ့်အဖြစ်ကိုယ်လည်း ရှက်မိပါသည်။

န်းကလေးတစ်ယောက်. အရူးလုပ်တာကို ခံရခြင်းပါလား။

နေလင်းစိုးက အံကိုတင်းတင်းကြိတ်လိုက်သည်။

အိမ်ပြန်ရန် ဆုံးဖြတ်ချက်ချလိုက်လေတော့၏။

☼ ☼ ☼

အိမ်ပြန်ရန်ဆုံးဖြတ်ချက်ချပြီး ဆိုင်ကယ်ပေါ် တက်ခွပြီးမှ . . . နေလင်းစိုးက သူမဆီကို ဖုန်းဆက်ကြည့်ဖို့ စိတ်ကူးရလိုက်သည်။

သူမတကယ် မလာတာမဟုတ်ပဲ လမ်းမှာတစ်ခုခုအဆင်မပြေတာမျိုးဖြစ်နိုင်သည်ပဲ။ ဘာပဲဖြစ်ဖြစ် ဖုန်းဆက်ကြည့်လိုက်တာ ရှင်းလိမ့်မည်။

နေလင်းစိုးက ဟန်းဖုန်းကိုထုတ်ကာ သူမနံပါတ်ကိုခေါ်လိုက်သည်။

ဖုန်းခေါ်သံက တစ်ဖက်တွင် သွားမြည်နေသည်။ ဖုန်းကိုချက်ချင်းမကိုင်သေး။

ခဏကြာမှ ပြန်ထူးသံထွက်ပေါ်လာသည်။

''ဟယ်လို''

အသံက ယောကျာ်းသံဖြစ်သည်။ နေလင်းစိုးအံ့သြသွားသည်။

''ဒီဖုန်းပိုင်ရှင်မိန်းကလေးနဲ့ စကားပြောချင်လို့ပါ၊ ဟယ်လို''

''မစံကားဝါကို ပြောတာလား'

''မစံကားဝါ။ သူ့နာမည်ကိုပြောတာလား။ ကျွန်တော် သူ့နာမည်ကို မသိဘူးခင်ဗျ''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ခက်တာပဲ၊ ဒီမှာလည်း ဘယ်ကိုဆက်သွယ်ရမှန်း မသိဖြစ်နေတာ၊ တယ်လီဖုန်းသံကြားမှ သူ့အိတ်ထဲမှာဖုန်းပါမှန်းသိလို့ ဖြန့်ထုံးလိုက်တာ၊ ဒီမယ် ခင်ဗျား သူနဲ့ခင်တာမဟုတ်ဘူးလား၊ သူ့နာမည်တာ ယာဉ်မောင်းလိုင်စင်ထဲကအတိုင်းဆိုရင်တော့ စံကားဝါတဲ့ဗျ"

"ဟုတ်ပါပြီ၊ ထားပါတော့၊ ဒါနဲ့ အဲဒီစံကားဝါက အခုဘယ်ကို ရောက်နေတာလဲ၊ သူကိုယ်တိုင် ဘာလို့ဖုန်းမကိုင်တာလဲ"

"စံကားဝါ ယာဉ်တိုက်မှုဖြစ်လို့ ဆေးရုံရောက်နေပါတယ်"

"ဗျာ"

"ကျွန်တော်က ဒုရဲအုပ်အောင်မိုးပါ၊ မော်တော်ယာဉ်မှုခင်းအဖွဲ့ကပါ"

"စံကားဝါ . . . စံကားဝါ ဘာဖြစ်သွားလဲဟင်"

"လောလောဆယ် ဆေးရုံကြီးအရေးပေါ်ဌာနမှာ အတွင်းလူနာအဖြစ်တင်ထားရပါတယ်၊ သတိမရသေးပါဘူး"

"ယာဉ်တိုက်မှုက ဘယ်နေရာမှာဖြစ်တာလဲ"

"ကန်တော်ကြီးနားမှာပါ"

"ဗျာ"

"သူ့အိမ်ကိုအကြောင်းကြားဖို့ ဘာအထောက်အထားမှရှာမရဘူးဖြစ်နေတယ်၊ အဲဒါ . . ."

"ကျွန်တော် လာခဲ့ပါ့မယ်ခင်ဗျာ၊ ကျွန်တော် ချက်ချင်းဆောင်ရွက်ပေးပါ့မယ်၊ ကျွန်တော် အခုလာပါပြီ"

☼ ☼ ☼

ဆေးရုံကြီးအရေးပေါ်လူနာခန်းအရောက်တွင် သူမကို နေလင်းစိုးတွေ့လိုက်ရသည်။

"ဟင်"

သူမသည် နေလင်းစိုးပြုပြင်ထားသော မာတ်ပုံများထဲကနှင့် ရုပ်ချင်းတစ်ထေရာတည်းပါလား။ ဪ . . . စံကားဝါဆိုတဲ့မိန်းကလေးရယ်၊ ကိုယ့်ဆီလာတဲ့လမ်းမှာမှ မင်းဒီလိုဖြစ်ရတယ်။ ကိုယ်အထင်မှားမိတာ ခွင့်လွှတ်ပါကွယ်။

ခေါင်းတွင် ပတ်တီးတွေဖွေးနေအောင် စည်းထားရသော စံကားဝါ့ကိုကြည့်ကာ နေလင်းစိုးက ရင်ထဲမှတောင်းပန်လိုက်သည်။

နေလင်းစိုးက သူ့ကိုယ်သူမိတ်ဆက်ကာ ဒုရဲအုပ်ကိုအောင်မိုးသိမ်းထားသည့် စံကားဝါ့ဟန်းဖုန်းကိုတောင်းလိုက်၏။

ဟန်းဖုန်းထဲမှာ မှတ်သားထားသည့် လူနာမည်များကို တစ်ခုချင်းလိုက်ကြည့်ကာ ဆက်သွယ်ဖို့ သင့်လျော်မည့် နာမည်တစ်ခုကို လိုက်ရှာသည်။ တစ်နေရာတွင် **Kaythi**ဟု **Save**လုပ် မှတ်သားထားသော ဖုန်းတစ်ခုကိုတွေ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကေသီ၊ ကေသီ၊ သူသိဖူးသော ကေသီလည်း ဖြစ်ချင်ဖြစ်မည်၊ ဘာပဲဖြစ်ဖြစ် ထိုကေသီသည် စံကားဝါ့သူငယ်ချင်းတစ်ယောက်ပဲ ဖြစ်ရပေမည်။

ကေသီ့ဖုန်းကိုနှိပ်၍ ခေါ်လိုက်၏။

''ဟေး စံကားဝါလား၊ ပြော''

တစ်ဖက်မှကေသီက စံကားဝါကိုယ်တိုင် ဖုန်းဆက်သည်ထင်ကာ ပြန်ထူးလိုက်၏။

နေလင်းစိုးက အကျိုးအကြောင်းကို ပြောပြလိုက်သည်။

''ဒီမယ် မကေသီ၊ ကျွန်တော် နေလင်းစိုးပါ၊ စံကားဝါ ယာဉ်တိုက်မှုဖြစ်လို့ ဆေးရုံကြီးကို ရောက်နေတယ်၊ သူ့အိမ်ကို အကြောင်းကြားပေးပြီး ချက်ချင်းလိုက်လာခဲ့ပါ''

''ဟင် . . . တကယ်၊ တကယ်လား၊ ကိုနေလင်းစိုး၊ ရှင်နောက်နေတာမဟုတ်ပါဘူးနော်''

''ဒါ နောက်စရာမှမဟုတ်ပဲဗျ''

''စံကားဝါ ဒီနေ့ ရှင်နဲ့ချိန်းထားတာ ကျွန်မသိထားလို့ပါ ကိုနေလင်းစိုး၊ သူအခုဘယ်မှာလဲ''

''ဆေးရုံကြီးအရေးပေါ်ခန်းမှာပါ၊ သူ့အိမ်ကို အကြောင်းကြားပေးစေချင်တယ်''

''စိတ်ချ ကိုနေလင်းစိုး၊ သူ့အိမ်ကိုဝင်ပြောပြီး ကျွန်မတို့ချက်ချင်းလိုက်လာခဲ့ပါ့မယ်''

☼ ☼ ☼

ခဏအကြာတွင် ကေသီနှင့်အတူ စံကားဝါ့မိဘများ ရောက်လာကြလေသည်။

ကေသီဆိုသူမှာ တစ်ခါက သူ ကွန်ပြူတာလိုက်ပြင်ပေးဖူးသော အိမ်မှ မိန်းကလေးဖြစ်နေတာကို နေလင်းစိုးတွေ့လိုက်ရလေသည်။

''အဖြစ်ကတော့ အဲဒါပဲ စံကားဝါ''

အိမ်ရောက်မှ ရှင်းပြမည်ဆိုသော်လည်း ကားပေါ်မှာပင် ကေသီလှိုင်ပြောပြသောကြောင့် သူမ၏ဖြစ်စဉ်ကို စံကားဝါသိလိုက်ရလေသည်။

''ဘယ့်နှယ်လဲ သမီး၊ ကေသီပြောပြတာတွေ နားထောင်လိုက်ရတော့ သမီးဘာတွေဖြစ်ခဲ့တယ်ဆိုတာ မှတ်မိသွားပြီလား''

မေမေက မေးလိုက်သည်။

''ကိုနေလင်းစိုးနဲ့ ချိန်းထားတဲ့နေ့အကြောင်းကို ပြန်ပြီးမှတ်မိလာပါပြီ မေမေ၊ ဟုတ်တယ်၊ သမီးသူနဲ့ချိန်းပြီး ကန်တော်ကြီးမှာတွေ့ဖို့ အလာလမ်းမှာ အလှူတစ်ခုလှည့်လာတာတွေ့လို့ လမ်းကြားလေးထဲကို ချိုးဝင်လိုက်တယ် မေမေ၊ သမီး မှတ်မိလာပြီ''



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တွင် ဆိုင်းသံဗုံသံများနှင့်အတူ လူအုပ်ကြီး တစ်စုကို တွေ့လိုက်ရသည်။

အလျင်လိုမှ အနေးဖြစ်ရပြန်ပြီ။ အလှူလှည့်တာနဲ့ လာတိုးနေပြန်ပြီကော။

စံကားဝါက "ကျွတ်" ခနဲစုပ်သပ်ကာ ဆိုင်ကယ်ကိုလမ်းကြားလေးထဲသို့ ချိုးချလိုက်ရလေ၏။

လမ်းမကြီးမှာက ရှင်လောင်းလှည့်လာသော အလှူတန်းကြီးက အရှည်ကြီး။ ရှင်လောင်းတစ်ပါးစီကို မြင်းတစ်စီးစီပေါ်တင်ကာ လှည့်လာခြင်းဖြစ်သည်။ အိုးစည်ဗုံးပတ်ဝိုင်းတွေ၊ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင်တွေနှင့် ရှည်လျားလှသောအလှူတန်းကြီးမှာ တော်တော်နှင့်ဆုံးမည်မဟုတ်ပေ။ လမ်းနှစ်ဖက်စလုံးက ယာဉ်တွေကို ယာဉ်ထိန်းရဲတွေက တားထားကြသည်။

လမ်းကြားလေးထဲက ဖြတ်ထွက်ရင်လည်း . . . ကန်တော်ကြီးပန်းခြံကိုတော့ ရောက်တာပါပဲ။

စံကားဝါက လမ်းကြားလေးအတိုင်း ဆိုင်ကယ်ကို ဆက်မောင်းလာလိုက်သည်။ လမ်းက ကျောက်လမ်းဖြစ်၍ ကြမ်းလွန်းသောကြောင့် ဆိုင်ကယ်လေးမှာ တလှုပ်လှုပ်ယိမ်းနေသည်။ ဆိုင်ကယ်အရှိန်ကိုလည်း လျှော့ပစ်လိုက်ရသည်။





လမ်းကြားလေးက တစ်ဖာလုံလောက်ရှည်ပါသည်။ ဘေးတစ်ဖက်တစ်ချက်မှာ အိမ်တွေကပ်နေသောကြောင့် လမ်းကကျဉ်းနေခြင်းဖြစ်သည်။

လမ်းကျဉ်းလေးကို ငါးမိနစ်ခန့်ဖြတ်သန်းလိုက်ရ၏။

လမ်းကျဉ်းလေးမှ အထွက်တွင် . . . စံကားဝါက ဆိုင်ကယ်အရှိန်ကို မြှင့်လိုက်လေသည်။

လမ်းကျဉ်းလေးထဲမှထွက်၍ ညာဘက်ကိုကွေ့ချိုးလိုက်သည်။

ထိုစဉ် . . .

လမ်းမကြီးတစ်ဖက်မှ အရှိန်ပြင်းစွာမောင်းလာသော လိုက်ထရပ်ကားတစ်စင်း၏ဦးခေါင်းနှင့် စံကားဝါစီးလာသောဆိုင်ကယ်တို့မှာ တည့်တည့်မတ်မတ် ခေါင်းချင်းဆိုင်မိရက်သား ဖြစ်သွားကြသည်။

စံကားဝါက ဆိုင်ကယ်ကို လမ်းညာဘက်ခြမ်းသို့ ကွေ့ကာ ဘရိတ်ကိုလည်း ဆောင့်နင်းလိုက်သည်။

တစ်ဖက်မှ လိုက်ထရပ်ကားကလည်း လမ်းကြားထဲမှထွက်လာသော စံကားဝါ့ဆိုင်ကယ်ကို အမြင်တွင် အလန့်တကြားဖြင့်ဘရိတ်ကို ဖမ်းဆွဲလိုက်ရာ ကတ္တရာလမ်းနှင့် ကားဘီးပွတ်ဆွဲသံက ရှည်လျားစွာ ပေါ်ထွက်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် . . . နှစ်ဖက်စလုံးက အရှိန်ပြင်းပြင်း နှင့် မောင်းလာကြသောကြောင့် . . . မည်သို့ပင် ရှောင်တိမ်းကာ ဘရိတ်ဆွဲကြပါသော်လည်း ရှောင်မလွတ်နိုင် ဖြစ်သွားရလေပြီ။

စံကားဝါ၏ မော်တော်ဆိုင်ကယ်လေးသည် ထရပ်ကား၏ ခေါင်းပိုင်းဘေးဘက်သို့ ရှပ်တိုက်မိသွားသည်။ ဆိုင်ကယ်က ဘေးစောင်းတိုက် ခပ်ဝေးဝေးအထိ ပြေးသွားသေးသည်။ စံကားဝါကတော့ ဆိုင်ကယ်ပေါ်မှ ကျကျန်ရစ်ခဲ့လေသည်။

စံကားဝါ၏ဦးခေါင်းနှင့် ကတ္တရာလမ်းတို့ ပြင်းထန်စွာတိုက်မိလိုက်တာ၊ ဆောင်းထားသော ဟဲလ်မက်ဦးထုပ် ကွဲကြေသွားတာတွေကို စံကားဝါ မှတ်မိနေဆဲဖြစ်သည်။

စံကားဝါသည် ကတ္တရာလမ်းတလျှောက် လျှောတိုက်လွင့်စင်သွားကာ ပလက်ဖောင်းနှင့် တိုက်မိသည်အထိမှတ်မိလိုက်ပြီး . . . နောက်ပိုင်း ဘာကိုမျှသတိမရတော့ပါပေ။

စံကားဝါက သူမမှတ်မိသလောက်ကို ပြန်ပြောပြလိုက်သည်။

"အဲဒါပဲပေါ့ သမီး၊ သမီးကားနဲ့တိုက်မိပြီး အရေးပေါ်ခန်းကို ရောက်သွားတယ်၊ မောင်နေလင်းစိုးကူညီလို့ မေမေတို့လိုက်လာနိုင်ခဲ့တယ်၊ သမီးကတော့ သတိလစ်နေခဲ့တယ်လေ"

"နှင် သုံးရက်လုံးလုံး သတိလစ်နေခဲ့တယ် စံကားဝါ၊ သတိရလာတော့လည်း . . ."





"သတိရလာတော့ "

"သတိရတယ်သာဆိုတာ လူကောင်းတစ်ယောက်လို သတိပြန်လည်လာတာကိုပြောတာပါ။ တကယ်တမ်းကျတော့ နင်ဟာ ဘာဆိုဘာကိုမျှမမှတ်မိတော့ဘူး စံကားဝါ၊ အဲဒီအချိန်ကစပြီး နင်ဟာ သီးခြားလူတစ်ယောက်ဖြစ်သွားပါတယ်"

"အို . . ."

"သမီး အတိတ်မေ့နေတာ သုံးနှစ်ကြာသွားခဲ့ပါပြီ သမီးရယ်၊ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၁၁ရက်နေ့ကတည်းက ကားတိုက်ခံရပြီး အတိတ်မေ့သွားခဲ့တာ ဒီနေ့ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလ ၁၄ရက်ဆိုတော့ သုံးနှစ်အတိပါပဲကွယ်"

စံကားဝါတို့စီးလာသောကားလေးက စံကားဝါတို့အိမ်ရှေ့တွင် ရပ်လိုက်လေသည်။

"အိမ်ပြန်ရောက်ပြီ၊ ဆင်းတော့ သမီး"

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

"စံကားဝါ၊ ညီမလေးပြန်လာပြီ၊ မေမေ . . . စံကားဝါ့ အခြေအနေက ဘယ်လိုလဲဟင်"

ကားရပ်ရပ်ချင်း အိမ်ရှေ့ စာစီစာရိုက်ဆိုင်ခန်းထဲမှ ပြေးထွက်လာသူမှာ မမဇီဇဝါဖြစ်လေသည်။

"မမ၊ ငါအားလုံးကို သတိရပါပြီဟယ်၊ မေမေတို့ရှင်းပြလို့ ငါ အတိတ်မေ့နေတဲ့အကြောင်းကို သိပြီးပါပြီမမ"

"အို . . ."

ဇီဇဝါက စံကားဝါ့ကို မျက်ရည်များဖြင့် ဖက်မွှေ့ထားလိုက်လေသည်။

"ဝမ်းသာလိုက်တာ၊ ဝမ်းသာလိုက်တာ စံကားဝါရယ်"

စံကားဝါ့အကြည့်က အိမ်ရှေ့ဆိုင်ခန်းလေးထဲသို့ ရောက်ရှိသွားလေသည်။ ဆိုင်ခန်းထဲတွင် ကွန်ပြူတာသုံးလုံး တန်းစီထားတာတွေ့ရသည်။ မိတ္တူကူးစက်ကလည်း အသစ်ဖြစ်ကာ ယခင်စက်ထက်ပိုကြီးသော စက်ကြီးဖြစ်နေတာတွေ့ရ၏။

ဝန်ထမ်းဖြစ်ဟန်တူသော မိန်းကလေးနှစ်ယောက်နှင့် လူငယ်တစ်ယောက်ကိုလည်း တွေ့ရလေသည်၊ လူငယ်များက ကားပေါ်မှဆင်းလာသောစံကားဝါ့ကို ဝိုင်းကြည့်နေကြလေသည်။





တိုးတက်နေသော ဆိုင်အနေအထားကိုကြည့်၍ စံကားဝါက အံ့သြမိလေသည်။

ယခင်ကတော့ ကွန်ပြူတာတစ်လုံးတည်းဖြင့် ဇီဇဝါကသာ စာစီစာရိုက်လုပ်လေသည်။ မိတ္တူကူးစက်ကို ဖေဖေက တာဝန်ယူသည်။

မနက်က သူ့အိမ်ကထွက်လာတော့ မေမေဆိုင်တံခါးကိုဖွင့်နေတုန်းမို့ သည်အပြောင်းအလဲများကို သတိမထားမိခြင်းဖြစ်ပါသည်။

"ကွန်ပြူတာသုံးလုံးတောင်ပါလား၊ မိတ္တူစက်ကလည်း အသစ်ပဲနော်"

"ဟုတ်တယ် သမီး၊ တကယ်တော့ ဒါတွေဟာ မောင်နေလင်းစိုးကျေးဇူးကြောင့် ဖြစ်လာတာတွေပါကွယ်"

"ရှင် . . ."

"ကဲ အိမ်ထဲကိုဝင်ကြပါစို့၊ အိမ်ထဲကျမှ ရှင်းပြတော့မယ်၊ လာ စံကားဝါ"

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

အိမ်ထဲသို့ဝင်လိုက်သည်နှင့် ပုခက်ထဲမှကလေး၏ငိုသံကိုကြားလိုက်ရသည်။ မမဇီဇဝါက ပုခက်ဆီသို့ ပြေးသွားသည်။

ဇီဇဝါက ကလေးကိုချော့မြူကာ ပုခက်ထဲမှပွေ့ယူလိုက်လေသည်။ မနက်တုန်းက မြင်ခဲ့ရတဲ့ ပုခက်ထဲက ကလေးလေး။ စံကားဝါက ရွာကညှော်သည်များကလေးလို့ ထင်မှတ်ခဲ့သည်။

ဇီဇဝါက ကလေးကိုချီရင်း စံကားဝါ့နားသို့ ပြန်လျှောက်လာသည်။

"မမ ဒီကလေးက"

"ဒါ ငါ့သားလေးပေါ့စံကားဝါရယ်၊ နင်သတိရလာတော့ သားလေးကိုတောင် သတိမရတော့ဘူးပေါ့၊ အေးလေ အတိတ်မေ့နေတဲ့လူဟာ အတိတ်ကိုပြန်သတိရရင် အတိတ်မေ့နေတုန်းကအကြောင်းတွေကို ပြန်မေ့သွားတတ်တာပဲ"

"အို ဒီကလေးက နင့်ကလေး၊ နင် အိမ်ထောင်ကျပြီပေါ့ မမ၊ ဟုတ်လား"

"ဟုတ်တယ်လေ၊ ငါအိမ်ထောင်ကျတာ နှစ်နှစ်ရှိပြီ၊ သားသားတောင် ဧလသားကြီး ရှိနေပြီလေ"





အို . . . သူအတိတ်မေ့နေတဲ့ သုံးနှစ်အတွင်းမှာ အပြောင်းအလဲပေါင်းများစွာ ဖြစ်ခဲ့တာပါလား။ တကယ်တော့ ဒီအပြောင်းအလဲများသည် စံကားဝါ့ရှေ့မှာပင် ဖြစ်ပျက်ခဲ့ခြင်းဖြစ်ပါသည်။ ဒါပေမဲ့ စံကားဝါ ဘာဆိုဘာမျှ မမှတ်မိပါ။

"ဖေဖေ . . . ဖေဖေရောဟင်"

စံကားဝါက ဖေဖေ့ကို သတိရကာမေးလိုက်သည်။

မေမေနှင့်ဇီဇဝါက စံကားဝါ့ကို ကြောင်ကြည့်နေ၏။

မေမေက ညှော်ခန်းကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်ကာ "ဟီး"ခနဲရှိုက်ကိုလိုက်လေသည်။

"ကိုသန်းထွန်း၊ ကျေးဇူးရှင်ကြီး၊ ဟောဒီမှာ . . . ရှင့်သမီးက ရှင့်ကိုမေးနေပြီရှင့်၊ ရှင်သိပ်ချစ်တဲ့သမီးလေးစံကားဝါ သတိပြန်ရလာပြီ ကိုသန်းထွန်းရေ မြင်လှည့်ပါဦး ကျေးဇူးရှင်ကြီးရဲ့"

"အို . . . မေမေ"

စံကားဝါက ကြမ်းပြင်ပေါ်မှာထိုင်ချလိုက်ကာ မေမေ့ဒူးနှစ်ဖက်ကို သိုင်းဖက်လိုက်သည်။

"မေမေ . . . မေမေ . . . ဖေဖေမရှိတော့ဘူးလား၊ ဖေဖေမရှိတော့ဘူးလားဟင် . . . မေမေ"

"ဟုတ်တယ် ညီမလေး၊ ဖေဖေဆုံးတာ လေးလပဲရှိသေးတယ်"

"အို . . ."

"ဖေဖေဟာ သေတဲ့အထိ နင်အတိတ်မေ့နေတဲ့အတွက် စိတ်မကောင်းဖြစ်သွားရှာတယ် စံကားဝါရယ်၊ နင်ပြန်သတိရပြီဆိုတာ ဖေဖေ သိစေချင်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဖေဖေရယ်"

စံကားဝါ ဝမ်းနည်းလွန်းစွာ ရှိုက်ငိုမိရပါပြီ။

မနက်က ဖေဖေ့ကို ဧည့်ခန်းထဲမှာသတင်းစာဖတ်နေတာ မတွေ့တော့ ဧည့်သည်တွေနဲ့ အပြင်ထွက်သွားတယ်လို့ ထင်မိထင်ရာထင်ခဲ့သည်။ တကယ်တော့ ဖေဖေဟာ သေဆုံးသွားခြင်းပါကလား။

ဖြစ်မှဖြစ်ရလေ ဖေဖေရယ်။

စံကားဝါက ဧည့်ခန်းထိပ်တွင်ချိတ်ထားသော ဖေဖေ့ဓာတ်ပုံကြီးကိုမော့ကြည့်ကာ ရှိုက်ငိုမိရပါလေသည်။

ထိုစဉ် ဆိုင်ကယ်ဖြင့်နောက်မှလိုက်လာသော နေလင်းစိုး အိမ်သို့ပြန်ရောက်လာသည်။

နေလင်းစိုးက ဆိုင်ကယ်ကိုအိမ်ဝင်းထဲအထိ မောင်းဝင်လာပြီး စက်ရပ်လိုက်သည်။

အိမ်ထဲသို့ တန်းဝင်မလာသေးပဲ အိမ်ရှေ့ဆိုင်ထဲသို့ဝင်သွား၏။ ဝန်ထမ်းများကို အလုပ်နှင့်ပတ်သက်ပြီး ညွှန်ကြားနေဟန်တူသည်။ ခဏကြာကြာ စကားပြောနေ၏။

နေလင်းစိုးဟာ ဒီအိမ်ကအလုပ်တွေကို ပိုင်ပိုင်နိုင်နိုင်ဝင်ပြီး စွက်ဖက်နေပါလား။

အလုပ်စကားပြောပြီးမှ နေလင်းစိုး အိမ်ထဲသို့ဝင်လာသည်။

"စံကားဝါ"

နေလင်းစိုးက စံကားဝါ့ကိုစိုက်ကြည့်ရင်း ခေါ်လိုက်သည်။

"စံကားဝါ့ကို အားလုံးပြောပြလိုက်ပြီလား၊ စံကားဝါအကုန်သိသွားပြီလား အန်တီ"





"သူ့ဖေဖေဆုံးသွားကြောင်း ပြောပြနေတာပါမောင်နေလင်းစိုး"

"အန်ကယ်ဆုံးတာ လေးလပဲရှိပါသေးတယ် စံကားဝါ၊ စံကားဝါသာ လေးလစောပြီး သတိပြန်ရရင် ဘယ်လောက်ကောင်းမလဲ"

နေလင်းစိုးက ကုလားထိုင်တွင် ဝင်ထိုင်ရင်းပြောလိုက်၏။

နေလင်းစိုး ဧည့်ခန်းထဲဝင်လာပြီး ထိုင်လိုက်ပုံမှာလည်း ပိုင်စိုးပိုင်နင်းရှိလှပါကလား။

ဇီဇဝါလက်ထဲမှကလေးက နေလင်းစိုးကိုအမြင်တွင် ရယ်ပြုံးကာ ဝူးဝူးဝါးဝါးနှုတ်ဆက်လိုက်လေသည်။

နေလင်းစိုးက ထိုင်ရာမှပြန်ထကာ ဇီဇဝါ့လက်ထဲက ကလေးကိုယူချီရင်း ချော့မြှူနေ၏။

စံကားဝါ့မျက်လုံးများ ပြာဝေသွားသည်။

အပြောင်းအလဲတွေဟာ သူမလိုက်မမီအောင် ဆန်းပြားနေလေပြီလား။ သုံးနှစ်အတွင်းအပြောင်းအလဲများကို တစ်ထိုင်တည်းသိရခြင်းအတွက် စံကားဝါ့နှလုံးသားသည် ခံနိုင်ရည်ရှိပါတော့မလား။

စံကားဝါက ဖေဖေ့အတွက်ကျထားသော မျက်ရည်များကို သုတ်ပစ်လိုက်သည်။ မျက်ရည်များက ပါးပြင်တလျှောက် စီးကျလာပြန်၏။ မျက်ရည်အသစ်များသည် ဘာအတွက်စီးကျလာရပါသလဲ။

"ကလေးရဲ့အဖေက ဘယ်သူလဲ၊ မမဇီဇဝါ့ယောကျ်ားက ဘယ်မှာလဲဟင်"

စံကားဝါက အားကိုတင်းကာ သိလိုသည့်မေးခွန်းကို တစ်ထိုင်တည်း မေးချလိုက်လေသည်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

"ကိုမြင့်ဆွေလေ ... ကိုမြင့်ဆွေကိုတော့ နင်မှတ်မိတယ် မဟုတ်လား။ ကျောင်းကတည်းက ငါနဲ့တွဲနေတဲ့ကိုမြင့်ဆွေ၊ သူနဲ့ငါ ၂၀၀၇ ခုနှစ်က လက်ထပ်လိုက်တယ်၊ နင်အတိတ်မေ့ပြီး တစ်နှစ်အကြာမှာပေါ့"

စီဇဝါက ရှင်းပြလိုက်သည်။

"ဪ ..."

စံကားဝါသည် တိုးညင်းစွာ သက်ပြင်းမောကို ချလိုက်၏။

"ကိုမြင့်ဆွေကို မှတ်မိပါတယ်၊ အခုဘယ်မှာလဲ"

"အလုပ်ကိစ္စနဲ့ ရန်ကုန်သွားတယ်၊ သူက အခွန်ရုံးမှာဝန်ထမ်း ဝင်လုပ်နေတယ်လေ။ နင်သတိပြန်ရပြီဆိုတာသိရင် ကိုမြင့်ဆွေလည်း ဝမ်းသာမှာပဲ၊ ဖုန်းဆက်လိုက်ဦးမှ"

"ဒါနဲ့အန်တီ၊ စံကားဝါ ဘယ်လိုဖြစ်ပြီး သတိပြန်လည်လာ တာလဲ၊ ထူးထူးခြားခြားအဖြစ်များ ကြုံလိုက်လို့လား"

နေလင်းစိုးက မေးလိုက်သည်။

"အဲဒါ မနေ့ညနေက ဆိုင်ရှေ့မှာဖြစ်သွားတဲ့ ကားတိုက်မှု ကြောင့် ဖြစ်လိမ့်မယ်ထင်တယ် မောင်နေလင်းစိုး"





စီဇဝါကလည်း ထိုအဖြစ်ကြောင့်ဖြစ်နိုင်ကြောင်း ထောက်ခံ သည်။

"ဟုတ်လိမ့်မယ် မေမေ၊ အဲဒီတုန်းက စံကားဝါလန့်ပြီး အော်လိုက်တယ်၊ အိမ်ထဲကိုလည်း ထွက်ပြေးသွားတယ်လေ၊ သူစိတ်ငြိမ် အောင် မေမေ ဆေးတိုက်လိုက်ရတယ် မဟုတ်လား။ အဲဒီအဖြစ်ကြောင့်ပဲ သတိပြန်လည် လာတာဖြစ်မှာပါ"

"ဘယ်လိုဖြစ်ရတာလဲဟာ"

"ဒီလိုပါ မောင်နေလင်းစိုး"

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

မနေ့က ညနေပိုင်း၊

စံကားဝါသည် အိမ်ရှေ့ဆိုင်လေးထဲတွင် အသိမဲ့စွာထိုင်နေခဲ့လေသည်။

အတိတ်မေ့ပြီးနောက်ပိုင်း စံကားဝါစကားလည်း မပြောတော့ပေ။ အချိန်ပြည့် ငေးငိုင်လျက်သာ ထိုင်နေတတ်၏။ ထမင်းကျွေးလျှင် စားသည်။ တီဗီဖွင့်ထားလျှင် ထိုင်ကြည့်နေသော်လည်း သူမအသိဥာဏ်ထဲသို့ ဘာတစ်ခုမျှ ဝင်ပုံမရချေ။

အတိတ်မေ့သည့်သုံးနှစ်လုံးလုံး စံကားဝါသည် အရုပ်တစ်ရုပ်နှယ်သာ အချိန်ကုန်လွန်ခဲ့လေသည်။ ဘာတစ်ခုမျှလည်း မတောင်းဆို၊ ဘယ်ကိုမျှလည်းမသွား၊ ဘယ်သူနဲ့မျှလည်း စကားမပြောတော့ချေ။

ညနေတုန်းကလည်း ဆိုင်ရှေ့တွင် ကုလားထိုင်တစ်လုံးနှင့် ထိုင်ကာ လမ်းမပေါ်မှ လမ်းသွားလမ်းလာများကို ငေးမောနေခဲ့သည်။

ထိုစဉ် ဆိုင်၏အရှေ့ဘက်လမ်းမှ ဆိုင်ကယ်တစ်စီး အရှိန်ပြင်းစွာ ကွေ့ဝင်လာသည်ကို အားလုံးမြင်လိုက်ရသည်။ ဆိုင်ကယ်သည် ဘာအရေးကြီးလာသည်မသိ။ လမ်းကွေ့တွင် အရှိန်မလျှော့ပဲ တရှိန်ထိုး ကွေ့ဝင်လာခြင်းဖြစ်လေသည်။





ဆိုင်ကယ်နှင့်မျက်နှာချင်းဆိုင်အတိုင်း ကားတစ်စီးကလည်း လမ်းမအတိုင်းတည့်တည့်လာနေ၏။

ဆိုင်ကယ်နှင့်ကားသည် ရုတ်တရက်ဘွားခနဲ မျက်နှာချင်းဆိုင် ဆုံမိလိုက်လေတော့သည်။

ဆိုင်ကယ်က ပလက်ဖောင်းဘက်သို့ ပြန်ပြီးကွေ့လိုက်သလို၊ ကားကလည်း ဘရိတ်ကိုဆောင့်နင်းလိုက်ပါသည်။

သို့သော် နှစ်စီးလုံး၏ မောင်းလာသောအရှိန်များမှာ ပြင်းလွန်းလှသဖြင့် ဆိုင်ကယ်နှင့်ကားသည် အရှိန်မထိန်းနိုင်ပဲ တိုက်မိလိုက်ကြလေတော့သည်။

အရွယ်အစားသေးငယ်သော မော်တော်ဆိုင်ကယ်မှာ လမ်းဘေးသို့လွင့်စင်သွားပြီး ဆိုင်ကယ်သည် ပလက်ဖောင်းနှင့်တိုက်မိကာ ဆိုင်ကယ်ပေါ်မှ လူငယ်သည်လည်း ဆိုင်ကယ်ပေါ်မှ လွင့်ကျသွားလေသည်။

ဆိုင်ကယ်က အတော်ဝေးဝေးသို့ စောင်းလျက်ရွှေ့လျောသွားပြီး လူက ပလက်ဖောင်းနည်းခေါင်းတိုက်မိကာ သွေးများနှင့်အတူ လဲကျသွားလေသည်။

ဆိုင်ကယ်ပေါ်မှ လူငယ်လွင့်စင်လာသောနေရာမှာ ဆိုင်ရှေ့တွင် ထိုင်နေသော စံကားဝါ၏ ကုလားထိုင်အနီးတွင်ဖြစ်သည်။ လူငယ်၏ ဟဲလ်မက်ဦးထုပ်ဆီမှ ကွဲထွက်လာသောအပိုင်းအစများပင် စံကားဝါဆီသို့ လာစင်လေသည်။

မြင်ကွင်းကြောင့်စံကားဝါသည် ထိတ်လန့်တကြားအော်ဟစ်ကာ ထိုင်ရာမှထရင်း အိမ်ထဲသို့ ပြေးဝင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါနဲ့ အန့်တီလည်း စံကားဝါ့နောက်လိုက်သွားပြီး သူစိတ်ငြိမ်သွားအောင် ဆေးတိုက်ရတာပေါ့၊ ဆေးသောက်ပြီးမကြာဘူး စံကားဝါ အိပ်ပျော်သွားတယ် မောင်နေလင်းစိုး။ မနက်ကျမှနိုးတော့တာပဲ၊ အဲဒီတော့ စံကားဝါသတိပြန်လည်တာဟာ မနေ့ကညနေပိုင်းဆိုင်ရှေ့မှာ ဖြစ်တဲ့ ယာဉ်တိုက်မှုကြောင့်လို့ထင်တာပဲ"

"ဖြစ်နိုင်ပါတယ် အန့်တီ၊ စံကားဝါကရော မနေ့က ယာဉ်တိုက်မှုကို သတိရသေးလား"

"အဲဒါကိုတော့ စံကားဝါသတိမရဘူး ကိုနေလင်းစိုး။ ဒါပေမဲ့ အိပ်ရာကနိုးတော့ ဒီနေ့အိပ်ရာထနောက်ကျသွားပြီလို့ စိတ်ထဲကထင်မိတယ်၊ အိပ်နေတုံးလည်း အိပ်မက်ဆိုးတွေ မက်တယ်ထင်တာပဲ၊ နိုးနိုးချင်း ကိုနေလင်းစိုးနဲ့ ချိန်းထားတာသတိရပြီး ထွက်လာလိုက်တာပဲ၊ စံကားဝါ့စိတ်ထဲမှာ အတိတ်မေ့နေတဲ့သုံးနှစ်ဟာ ပျောက်သွားပြီး ၂၀၀၆ ဖေဖော်ဝါရီ ၁၁ရက်နဲ့ ဒီနေ့နဲ့ဟာ တစ်ဆက်တည်းလို့ မှတ်နေမိတော့တာပါပဲ ကိုနေလင်းစိုးရယ်"

"အရှင်ကအကြောင်းတွေကိုတော့ အားလုံးပြန်မှတ်မိတယ်နော် စံကားဝါ"





"ဟုတ်ကဲ့၊ ၂၀၀၉ခုနှစ်ရောက်ပြီဆိုတာ ငြင်းမရလို့သာလက်ခံလိုက်ရတာပါ၊ စံကားဝါ့စိတ်ထဲမှာ ၂၀၀၆ခုနှစ်ကအဖြစ်တွေနဲ့ ဒီနေ့အဖြစ်တွေဟာ တစ်ဆက်တည်းပဲဖြစ်နေတာလို့ ထင်နေမိတုန်းပါပဲ၊ အားလုံးကို အရင်အတိုင်းပဲ သတိရမှတ်မိနေပါတယ် ကိုနေလင်းစိုး"

"ဟုတ်လိမ့်မယ်၊ ဆရာဝန်ကြီးကလည်း စံကားဝါသတိရလာတဲ့အခါ ဒီအတိုင်းဖြစ်လိမ့်မယ်လို့ ပြောထားပြီးသား၊ စံကားဂါ့အတွက် သုံးနှစ်ကာလဟာ ဘဝထဲကနှုတ်ပစ်လိုက်ရတဲ့ ကာလအပိုင်းအခြားတွေ ဖြစ်သွားပြီပေါ့လေ"

"သုံးနှစ် ... သုံးနှစ်အတွင်းမှာ စံကားဝါဘာတွေဖြစ်ခဲ့လဲ၊ သိချင်လိုက်တာ၊ စံကားဝါ့ကို ပြန်ပြောပြကြပါဦး"

"ပြောပါ့မယ် စံကားဝါ။ လောလောဆယ် စံကားဝါအတိတ်မမေ့ခင်က အကြောင်းအရာတစ်ခုကိုပြချင်တယ်၊ စံကားဝါမှတ်မိရဲ့လား။ ကြည့်ပါဦး"

နေလင်းစိုးက ကလေးကို ဖီဖဝါ့ဆီ ပြန်ပေးလိုက်သည်။

သူ့ပိုက်ဆံအိတ်ထဲမှ ဓာတ်ပုံတစ်ထပ်ကို ဆွဲထုတ်လိုက်၏။

ဓာတ်ပုံများကို စံကားဝါ့လက်ထဲ ထည့်ပေးလိုက်သည်။

"အို ..."

စံကားဝါက ဓာတ်ပုံငါးပုံကိုကြည့်ရင်း အံ့သြစွာ ရေရွတ်လိုက်၏။

ဓာတ်ပုံများမှာ စံကားဝါ့ဓာတ်ပုံများဖြစ်ပါသည်။ စံကားဝါ မှတ်မိသည်။ သို့သော် စံကားဝါမှတ်မိသောပုံများမှာ အမျိုးမျိုးရုပ်ဖျက်



www.burmeseclassic.com

www.burmeseclassic.com



ထားသောပုံများသာဖြစ်ပါသည်။ ယခုလို ပုံကောင်းများမဟုတ်။ ပုံကောင်းများကို ရှပ်ဖျက်ကာ ကိုနေလင်းစိုးဆီသို့ အီးမေးလ်ဖြင့်ပို့ပေးခဲ့သည်။

"စံကားဝါ့ပုံတွေလေ၊ စံကားဝါ ကိုနေလင်းစိုးဆီပို့တော့ ပုံဖျက်ပြီးမှပို့တာပါ။ ပုံကောင်းတွေ ဘယ်လိုပြန်ဖြစ်နေတာလဲ"

"စံကားဝါဖျက်ထားတဲ့နေရာတွေကို ကောင်းတဲ့အစိတ်အပိုင်းတွေနဲ့ပြန်အစားထိုးပြီး ကိုယ်ဆက်စပ်ထားတဲ့ပုံတွေပေါ့ စံကားဝါ။ စံကားဝါနဲ့ချိန်းထားတဲ့ ၂၀၀၆ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ရက်နေ့က ကိုယ် အဲဒီပုံတွေကိုကိုင်ပြီး ကန်တော်ကြီးက စောင့်နေခဲ့ပါတယ်၊ ကိုယ်ပြုပြင်ထားတဲ့ပုံနဲ့ အပြင်ကစံကားဝါ ဘယ်လောက်တူသလဲဆိုတာ သိချင်စိတ်နဲ့ မနက် ၈နာရီကတည်းက ကန်တော်ကြီးမှာ ထိုင်စောင့်နေခဲ့တာပါ စံကားဝါ"

"အို ... ကိုနေလင်းစိုးရယ်"

သူပြန်ပြီး ဆက်စပ်ပြုပြင်ထားတဲ့ပုံတွေက စံကားဝါ့ရဲ့ နဂိုရုပ်ရည်အတိုင်းပါပဲလား။

"အခုမှပဲ ပြွန့်ကြုံရတော့တာပါ စံကားဝါ"

နေလင်းစိုးက ဆွေးဆွေးမြေ့မြေ့ ပြောလိုက်သည်။

"ကဲ ကဲ သမီးအတိတ်မေ့နေတဲ့ သုံးနှစ်ကာလအကြောင်းကို မောင်နေလင်းစိုးကပဲ ရှင်းပြလိုက်ပေတော့၊ မေမေ ချက်လိုက်ပြုတ်လိုက်ဦးမယ်၊ မောင်နေလင်းစိုးရော ကေသီရော စားသောက်ပြီးမှပြန်ကြပေါ့၊ မင်းတို့သူငယ်ချင်း ပြန်ပြီးနေကောင်းတဲ့ အထိမ်းအမှတ်ပေါ့"

မေမေက ထိုနေရာမှထကာ အိမ်ထဲသို့ဝင်သွားလေ၏။

"ငါလည်း ဆိုင်ထဲမှာ သွားကြည့်နေဦးမှ၊ နေခဲ့ကြဦးနော်"





ဇီဇဝါကလည်း ကလေးကိုချီကာ အိမ်ရှေ့ဆိုင်ထဲသို့ထွက်သွားလေသည်။

"ငါတော့ ရှောင်မပေးတော့ဘူးနော် စံကားဝါ"

ကေသီက ပြောလိုက်သည်။

"အို ... ဘာလဲ၊ ဘာရှောင်ပေးစရာလိုလို့လဲ၊ ကေသီကလည်း"

"အန်တီနဲ့ မမဇီဇဝါကတော့ ရှောင်ပေးသွားတာသေချာတယ်ကွ၊ ငါက နင့်အကြောင်း နောက်ကြောင်းပြန်တဲ့နေရာမှာ ကိုနေလင်းစိုးကိုထောက်ခံဖို့ နေခဲ့ပေးတာပါဟယ်"

"အို ..."

"ဟုတ်ပါတယ် စံကားဝါ၊ ကားတိုက်ခံရလို့ စံကားဝါတစ်ဘဝလုံးကို မေ့သွားတယ်၊ သုံးနှစ်ကြာတယ်၊ သတိပြန်ရတော့ အတိတ်မေ့နေတဲ့ သုံးနှစ်ကာလကအကြောင်းတွေကို မေ့နေပြန်ရော၊ အဲဒီတော့ ပြန်ပြောဖို့လိုတာပေါ့၊ ပြန်ပြောပါရစေ စံကားဝါ"

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၅ )

စံကားဝါသည် အသက်အန္တရာယ်မှ ချမ်းသာရာရခဲ့သော်လည်း အတိတ်မေ့သွားခဲ့လေသည်။ အဖေအမေကိုလည်း မမှတ်မိ၊ ကိုယ့်အိမ်ကိုယ်လည်း မမှတ်မိ၊ နောက်ဆုံး ကိုယ့်ကိုကိုယ် ဘယ်သူမှန်းပင် မမှတ်မိတော့ပါ။ ကိုယ့်နာမည်ကိုလည်း သတိမရတော့ပါ။

စံကားဝါ့ကို အရုပ်တစ်ခုသယ်ယူသလို အိမ်ကိုပြန်ပြီးခေါ်လာခဲ့ကြရလေသည်။

အိမ်တွင်လည်း စံကားဝါသည် သက်ရှိအရုပ်တစ်ခုသဖွယ် သီးခြားဆန်စွာနေထိုင်ခဲ့လေသည်။

နေလင်းစိုးသည် စံကားဝါထိခိုက်မှုဖြစ်သည့်အချိန်မှစ၍ အနီးကပ်အစစအရာရာ ကူညီခဲ့ပါသည်။ ဆေးရုံမှဆင်းပြီး အိမ်ပြန်ရောက်သည်အထိ နေလင်းစိုးက အိမ်အထိလိုက်လာကာ စောင့်ရှောက်ကူညီခဲ့ပါသည်။

အစပိုင်းတွင် နေလင်းစိုးကို စံကားဝါ့မိဘများက စံကားဝါနှင့် ရင်းနှီးသောသူငယ်ချင်းဟု ထင်နေရှာသည်။ အဖြစ်မှန်ကိုသိသူမှာ ကာသီလျှိုင်တစ်ယောက်သာဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နေလင်းစိုး စံကားဝါတို့အိမ်ကို ဝင်ထွက်နေပြီး ခြောက်လလောက်ကြာမှပင် အကြောင်းစုံကို စံကားဝါ့အိမ်သားများ သိလိုက်ကြခြင်းဖြစ်ပါသည်။

''ဒါဖြင့် မောင်နေလင်းစိုးကို သမီးက မမြင်ဖူးသေးဘူးပေါ့''

စံကားဝါ့ဖခင်ဦးသန်းထွဋ်က မေးသည်။

''စံကားဝါကတော့ ကျွန်တော့်ကို မြင်ဖူးထားပါတယ်၊ ကျွန်တော် အလုပ်လုပ်တဲ့ဆိုင်ကိုလည်း ရောက်ဖူးတယ်၊ ကျွန်တော် ဟောပြောတဲ့ ဟောပြောပွဲတွေကိုလည်း သူတက်ဖူးပါတယ် အန်ကယ်၊ ကျွန်တော်ကသာ သူ့ကို မမြင်ဖူးသေးတာပါ၊ ချိန်းထားတဲ့ဖေဖော်ဝါရီလ (၁၁)ရက်မှာမှ စံကားဝါကို ကျွန်တော်မြင်ခွင့်ရမှာပါ အန်ကယ်''

''ဖြစ်မှဖြစ်ရလေကွယ်''

''စံကားဝါက သူ့ဓာတ်ပုံငါးပုံကိုတော့ ကျွန်တော့်ဆီကို အီးမေးလ်နဲ့ ပို့ပေးဖူးပါတယ်အန်ကယ်၊ သူပို့တဲ့ပုံတွေကို ကျွန်တော် ကွန်ပြူတာထဲကပြန်ထုတ်ထားတာ၊ ပြရဦးမယ်''

နေလင်းစိုးက စံကားဝါရုပ်မျက်ပို့ပေးထားသော ဓာတ်ပုံငါးပုံကို ပြသည်။

ပြီးတော့ . . . ထိုပုံများကို အကောင်းဖြစ်အောင် သူကိုယ်တိုင် ပြန်ပြင်ထားသည့်ပုံများကိုလည်း ပြလိုက်ပါ၏။

စံကားဝါတို့တစ်မိသားစုလုံး ဓာတ်ပုံများကိုကြည့်ကာ အံ့သြနေကြသည်။ စံကားဝါနှင့် နေလင်းစိုးတို့ဆက်သွယ်မှုကိုလည်း တအံ့တသြ ဖြစ်သွားကြလေသည်။





''မောင်နေလင်းစိုးက သမီးကိုမမြင်ဖူးပဲနဲ့ ပုံတွေကိုစိတ်ကူးနဲ့ ပြန်ပြင်ထားတာ သမီးနဲ့တစ်ထေရာတည်းပါလား''

''ဟုတ်ပါတယ် အန်ကယ်၊ ဖေဖော်ဝါရီ ၁ရက်တုန်းက ကျွန်တော်ပြင်ထားတဲ့ပုံထဲကစံကားဝါနဲ့ အပြင်ကစံကားဝါ ဘယ်လောက်တူသလဲဆိုတာ နှိုင်းယှဉ်ကြည့်ဖို့ ကျွန်တော် ရင်တခုန်ခုန်နဲ့ မျှော်လင့်နေခဲ့တာပါ၊ စံကားဝါနဲ့ တွေ့ခွင့်ရချိန်မှာ စံကားဝါဟာ ကျွန်တော်မျှော်လင့်ထားတဲ့ပုံစံအတိုင်း ဖြစ်နေပါတယ်၊ ဒါပေမဲ့ ကျွန်တော်တွေ့ခွင့်ရတဲ့ အချိန်မှာ စံကားဝါက . . .''

သူ့အကြောင်းပြောနေစဉ်တလျှောက်လုံး စံကားဝါဘေးမှာ ထိုင်လျက်ရှိနေပါသည်။

သို့သော် စံကားဝါသည် သူ့အကြောင်း ပြောလို့ပြောနေမှန်း မသိရှာပါပေ။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

ရောဂါအခြေအနေကြောင့် ကွန်ပြူတာတက္ကသိုလ်နောက်ဆုံးနှစ် တက်ရောက်နေသောစံကားဝါကို ကျောင်းထုတ်ထားလိုက်ရသည်။

စံကားဝါ့ရောဂါကို ဦးနှောက်နှင့်အာရုံကြောအထူးကုဆရာဝန်ကြီးထံတွင် အပ်နှံပြသထားရပါသည်။ ဆရာဝန်ကြီးဆေးခန်းကို တစ်ပတ်တစ်ခါ သွားရောက်ပြသရာတွင်လည်း နေလင်းစိုးကပင် အကူအညီပေးခဲ့ပါသည်။ ကားယူလာ၍ စံကားဝါကို ဆေးခန်းပို့ပေးသည်။

နေလင်းစိုးသည် စံကားဝါတို့အိမ်ကို အမြဲအဝင်အထွက်ပြုကာ လိုအပ်သမျှကို ကူညီပေးခဲ့ပါသည်။ လူငယ်ယောကျာ်းလေးမရှိသော စံကားဝါတို့မိသားစုသည် နေလင်းစိုး၏အကူအညီများကြောင့် ကိစ္စအများအပြားတွင် အဆင်ပြေချောမောခဲ့ရလေသည်။

နေလင်းစိုးက စာစီစာရိုက်ရုံသက်သက်နှင့် မိတ္တူကူးရုံလောက်သာ သာမန်ဖွင့်ထားသည့်ဆိုင်လေးကိုလည်း အဆင့်မြင့်အောင်လုပ်ပေးခဲ့လေသည်။

ကွန်ပြူတာနှင့် မိတ္တူကူးစက်များကို သူ့ကုမ္ပဏီမှ လစဉ်အရစ်ကျပေးစနစ်ဖြင့်ရအောင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ စာစီစာရိုက်ရုံမဟုတ်ပဲ ဖိတ်စာတို့၊ လယ်ဂျာစာကတ်ပြားတို့ ဒီဇိုင်းဆွဲထုတ်လုပ်ပေးနိုင်သည့်





အထိ ကူညီပေးခဲ့ပါသည်။ ကွန်ပြူတာဂရပ်ဖစ်ဒီဇိုင်း တတ်ကျွမ်းသူတစ်ယောက်ခန့်ထားပေးပြီး သူကိုယ်တိုင်လည်း လေ့ကျင့်ပေးခဲ့သည်။

သုံးနှစ်ကြာမြင့်သည့် ယခုအချိန်တွင် စံကားဝါတို့အိမ်ရှေ့မှ ဆိုင်ကလေးမှာ ကွန်ပြူတာဂရပ်ဖစ်လုပ်ငန်းများအထိ လုပ်ပေးနိုင်သော အဆင့်မြင့်ဆိုင်ကြီးတစ်ခု ဖြစ်နေပါပြီ။ ကွန်ပြူတာသုံးလုံး၊ ပရင်တာသုံးလုံး၊ အဆင်မြင့်မိတ္တူကူးစက်ကြီးများကို ပိုင်ဆိုင်လာခဲ့ပါလေပြီ။

နေလင်းစိုးသည်လည်း အိမ်သားတစ်ဦးလိုပင် စံကားဝါတို့မိသားစုနှင့် ရင်းနှီးကျွမ်းဝင်ရှိလာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

စံကားဝါအတိတ်မေ့သွားပြီး နှစ်နှစ်ကြာချိန်အထိ တစ်နေ့မပြတ် အိမ်ကိုလာရောက်ကာ ကူညီပေးနေသော နေလင်းစိုးကို စံကားဝါ့ဖခင် ဦးသန်းထွဋ်က တစ်နေ့တွင် မေးခွန်းတစ်ခုမေးခဲ့လေသည်။

"မောင်နေလင်းစိုး၊ သမီးစံကားဝါနဲ့ မင်းတို့ချင်း ချစ်ခင်နှစ်သက်ပြီးကြပြီလား"

"ဘာဖြစ်လို့မေးတာလဲ အန်ကယ်"

"မောင်နေလင်းစိုးက စံကားဝါ့အတွက် အချိန်ကုန်ခံလွန်းလို့ပါကွယ်၊ တကယ်တော့ အန်ကယ့်သမီးစံကားဝါဟာ မျှော်လင့်ချက် သိပ်နည်းနေပါပြီ၊ နှစ်ရှည်လများကြာတဲ့အထိ မင်းအနေနဲ့ မျှော်လင့်နေတာကို အန်ကယ်မကြည့်ရက်လို့ပါ"

"စံကားဝါနဲ့ကျွန်တော် ပွင့်ပွင့်လင်းလင်းချစ်သူတွေ မဟုတ်ကြပါဘူး အန်ကယ်၊ လူချင်းလည်း မျက်နှာချင်းဆိုင်တစ်ခါမျှ မတွေ့ဖူးကြတာကိုး၊ ကန်တော့ပါရဲ့၊ နားနဲ့မနှာ ဖပါးနဲ့နှာပါအန်ကယ်၊ ကျွန်တော် စံကားဝါ့ကိုတော့ ချစ်စကားပြောဖူးပါတယ်၊ ဒါပေမဲ့ လူချင်းမတွေ့ဖူးခင် ပြောခဲ့တဲ့စကားကို စံကားဝါ့ဖက်က ဘယ်လိုသဘောထားခဲ့တယ်ဆိုတာ ကျွန်တော်တို့ ဘယ်လိုသိနိုင်တော့မှာလဲ အန်ကယ်ရယ်"

"အန်ကယ်လည်း မင်းသံယောဇဉ်ကြီးပုံကို ခန့်မှန်းမိပါတယ်





လေ၊ အဲဒါကြောင့် အန်ကယ်က စံကားဝါနဲ့မင်းနဲ့ချစ်သူတွေ ဖြစ်ပြီးလား လို့ထင်မိတာပါ။ ဒီအတိုင်းဆိုရင်တော့ မောင်နေလင်းစိုးအနေနဲ့ စံကားဝါ့ကို မျှော်လင့်မနေပါနဲ့တော့ကွယ်၊ မင်းအနေနဲ့ သင့်တော်တဲ့မိန်းကလေး တွေတွေ့နိုင်ပါသေးတယ်၊ အချိန်ကုန်မခံပါနဲ့တော့ ငါ့တူရယ်"

"အန်ကယ် ခုအချိန်မှာ စံကားဝါ့ကိုအသနားပိုပြီး ပူလောင်တဲ့ အချစ်မျိုး ကျွန်တော့်မှာမရှိတော့ပါဘူး အန်ကယ်၊ ကျွန်တော်နဲ့တွေ့ဖို့ လာရင်းက ဖြစ်သွားတာမို့ ကျွန်တော် စိတ်မကောင်းဖြစ်မိတယ်။ စံကားဝါ့ ကိုလည်း ညီမလေးတစ်ယောက်လို စာနာမိတယ်။ ဒီသံယောဇဉ်နဲ့ စံကားဝါ့ ကို လာကြည့်နေတာပါ အန်ကယ်"

"ဖြစ်ရလေကွယ်"

"စံကားဝါ တစ်နေ့နေ့ သတိပြန်လည်လာရင် လာပါလိမ့်မယ် အန်ကယ်။ အဲဒီတစ်နေ့ဟာ ဆယ်နှစ်ပဲကြာကြာ၊ အနှစ်နှစ်ဆယ်ပဲကြာ ကြာ ကျွန်တော် စောင့်နေပါ့မယ် အန်ကယ်"

"တယ်လည်း သံယောဇဉ်ကြီးတဲ့ သူငယ်ကိုး။ ဖြစ်ရလေ ... ဖြစ်ရလေ ... မင်းတို့နှစ်ယောက်လုံး ကံဆိုးကြပါလားကွယ်"

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

စံကားဝါ တစ်နေ့ပြန်ကောင်းလာနိုး [illegible] လာနိုးဖြင့် စောင့်မျှော်ခဲ့ရသည်မှာ ရက်မှလဲ ... လမှနှစ်သို့ပင် ကူးလာခဲ့ပြီ။ စံကားဝါ့ အခြေအနေက ထူးခြားမလာခဲ့ပါ။

သည်ကြားထဲတွင် စံကားဝါ့အစ်မဇီဇဝါ သူ့ချစ်သူကိုမြင့်ဆွေနှင့် မင်္ဂလာဆောင်ခဲ့သည်။ စံကားဝါအတိတ်မေ့ပြီး တစ်နှစ်ကြာမြင့်ချိန်တွင်ဖြစ်ပါ၏။

နေလင်းစိုးကတော့ စံကားဝါတို့အိမ်ကို အဝင်အထွက်မပျက်ရှိနေဆဲ။

ရက်လနှစ်တွေ့ တရွေ့ရွေ့ကုန်ခဲ့သည်။

ဇီဇဝါ ကလေးတစ်ယောက် မွေးဖွားသည်။ သားကလေး။

၂၀၀၇ခုနှစ် နိုဝင်ဘာလတွင် စံကားဝါ့ဖခင်ဦးသန်းထွဋ် လူကြီးရောဂါဖြင့် ကွယ်လွန်သွားခဲ့ပါသည်။ ဦးသန်းထွဋ်သည် မကွယ်လွန်မီအသိဉာဏ်ကင်းမဲ့နေသော သမီးဖြစ်သူစံကားဝါကိုကြည့်ကာ မျက်ရည်အခါခါကျခဲ့ရှာပေသည်။

"ငါ့သမီးလေး ဝဋ်ဒုက္ခကြီးရှာတယ်၊ ဘာကိုမှုမသိ၊ နားမလည်၊ မှတမ်းတခြင်းဟာ ငြိမ်းချမ်းခြင်းတစ်မျိုးပဲလို့ အဖေစိတ်ဖြေရမှာလား ငါ့သမီးလေးရယ် ...





"ဪ ... မောင်နေလင်းစိုးတစ်ယောက်လည်း ဘာမှုမသွေမတော်သားမစပ်ပဲနဲ့ တို့မိသားစုအပေါ် ယိုင်းပင်းလှချည်လား၊ သိပ်ကြီးစိတ်ထားကောင်းတဲ့သူငယ်လေး၊ မင်းတို့နှစ်ယောက် မင်းတို့နှစ်ယောက်ရဲ့ဝဋ်ကြွေးတွေ အမြန်ကျေကြပါစေကွယ်"

ဦးသန်းထွဋ်မကွယ်လွန်မီ တတွတ်တွတ်ပြောကြားသွားသောစကားများပင်ဖြစ်ပါသည်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၆ )

နေလင်းစိုးနှင့်ကေသီလှိုင် တစ်လှည့်စီပြောပြလိုက်၍ သုံးနှစ်တာကာလ အသိမဲ့နယ်မြေထဲသို့ရောက်ခဲ့ချိန်က အဖြစ်များကို သိလိုက်ရသောစံကားဝါသည် မျက်ဝန်းမှ မျက်ရည်များ ယိုစီးကျလာလေ၏။

"ဖြစ်ရလေ ... ဖြစ်ရလေ ဖေဖေရယ်၊ သမီးအတွက်နဲ့ ဖေဖေမသေခင် စိတ်ဆင်းရဲသွားရတာပေါ့နော်၊ သမီးကို ခွင့်လွှတ်ပါ ဖေဖေ"

စံကားဝါက ညောင်ခန်းထဲတွင်ချိတ်ထားသော ဦးသန်းထွဋ်ဓာတ်ပုံကြီးကိုမော့ကြည့်ကာ လက်အုပ်ချီရင်း ပြောလိုက်သည်။

"နင်တမင်လုပ်တဲ့အဖြစ်မှမဟုတ်ပဲစံကားဝါ။ ကံကြမ္မာကြောင့် နင်ကိုယ်တိုင် အတိတ်မေ့တဲ့ဘဝထဲ ရောက်ခဲ့ရတာပါဟယ်၊ အန်ကယ့်အပေါ်မှာ နင့်အနေနဲ့ အပြစ်ကျူးလွန်ရာမကျပါဘူး"

"ဟုတ်ပါတယ် စံကားဝါ၊ တကယ်တော့ ဒါတွေဟာ ပြီးခဲ့ပါပြီ ပြီးခဲ့တာတွေကို မေ့လိုက်ပါတော့၊ စံကားဝါ့အနေနဲ့ လက်ရှိကာလမှာ အံဝင်ဂွင်ကျဖြစ်အောင် ပြန်နေဖို့လုပ်ရမှာ တွေရှိသေးတယ်လေ၊ လွတ်ထားတဲ့ တက္ကသိုလ်နောက်ဆုံးနှစ်စာမေးပွဲကို ဝင်ဖြေရမှာမျိုးပေါ့"

"အင်း ... ဟုတ်သားပဲ၊ စံကားဝါ ရွယ်တူတန်းတူတွေထက် သုံးနှစ်နောက်ကျ ကျန်နေခဲ့ပြီပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေက ပြန်ပြီးလုပ်ယူလို့ရတဲ့ကိစ္စတွေပါ၊ မခက်ပါဘူး၊ အရေးကြီးတာက စံကားဝါ အရင်ကလိုမဲ စံကားဝါဆိုတဲ့ မိန်းကလေး တစ်ယောက်အနေနဲ့ပြန်ပြီး နေထိုင်သွားတတ်ဖို့ပဲ၊ လူသစ်စိတ်သစ်နဲ့လို့ မပြောတော့ဘူး၊ လူဟောင်းစိတ်ဟောင်းအတိုင်း ပြန်ပြီးနေပါတော့လို့ ပြောချင်တယ် စံကားဝါ"

"ဟုတ်တယ်ဟော့၊ ဟုတ်တယ်၊ ကိုနေလင်းစိုးပြောတဲ့စကားက သိပ်မှန်တာပဲ"

"လောလောဆယ် စံကားဝါစိတ်လက်ပေါ့ပါးသွားအောင် စံကားဝါ့ကို ကန်တော်ကြီးကို ပြန်ခေါ်သွားချင်တယ် စံကားဝါ"

"ရှင် ..."

"တကယ်တော့ ဒီနေ့ စံကားဝါ ကန်တော်ကြီးကို ရောက်ခဲ့တာ ပဲမဟုတ်လား၊ စံကားဝါ့အသိစိတ်က ၂၀၀၆ခုနှစ်အထင်နဲ့ ရောက်ခဲ့တာ လေ၊ ဘာပဲဖြစ်ဖြစ် စံကားဝါ ကိုယ်နဲ့တွေ့ဖို့ရည်ရွယ်ချက်နဲ့ ကန်တော်ကြီး ကို သွားခဲ့တာမဟုတ်လား၊ အဲဒီတော့ လွန်ခဲ့တဲ့သုံးနှစ်ကအတွက် အစား ထိုးပြီး ဒီနေ့ ကိုယ်တို့နှစ်ယောက်ကန်တော်ကြီးကို ပြန်သွားရအောင်"

"ဟုတ်ပါရဲ့နော်၊ ၂၀၀၆ခုနှစ်ချိန်းတုန်းက ဖေဖော်ဝါရီ ၁၁ရက်၊ ဒီနေ့ စံကားဝါသတိရလာတော့ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁၄ရက်၊ သုံး ရက်ပဲကွာတယ်၊ စနေနေ့ချင်းတောင် တိုက်တိုက်ဆိုင်ဆိုင်တူနေသေး တယ်ဟယ်"

"ဖေဖော်ဝါရီလ၁၄ရက်နေ့မှာ တိုက်တိုက်ဆိုင်ဆိုင်သတိရလာ တာ တစ်မျိုးကောင်းတာပေါ့ ကေသီ၊ ဖေဖော်ဝါရီ၁၄က Valentines Day လေ"





"ဟုတ်ပါရဲ့ဟယ် ... နိမိတ်ကောင်းလိုက်တာ"

"အို ... ကေသီကလည်း ဘာဆိုင်လို့လဲ"

"ဆိုင်ပါတယ် စံကားဝါ၊ ကိုယ်က ၂၀၀၆ခုနှစ် ချိန်းထားတုန်းက စံကားဝါ့ကိုတွေ့လို့ ကိုယ်ပြင်ထားတဲ့ခေါင်းထဲကအတိုင်းဖြစ်နေရင် မရေးကျွန်ရေးဆိုဖို့ ကြံရွယ်ထားတာပါ"

"အို ..."

"စံကားဝါဟာ ကိုယ်ဖန်တီးထားတဲ့ခေါင်းထဲကနဲ့ တစ်ထေ ရာတည်းဖြစ်နေတာ သိလိုက်ရပေမယ့် ကြံဖန်ပြီးလွဲခဲ့ရတယ်လေ၊ အဲဒီအတွက် အတိုချုပြီး ဒီနေ့ ကန်တော်ကြီးမှာပဲ ကိုယ်ပြောချင်တဲ့ စကားတွေကို ပြောလိုက်ချင်လို့ပါ"

"ကောင်းတယ်ဟော့၊ ကောင်းတယ်၊ သွားကြ၊ သွားကြ၊ ငါတော့ မလိုက်တော့ဘူး၊ ဒီပွဲက ငါနဲ့မဆိုင်တော့ဘူးနော်"

"ကေသီကလည်း ဘာတွေလျှောက်ပြောနေတာလဲ"

"အောင်မယ် ... မစံကားဝါ၊ ရှင်ပြောခဲ့တဲ့စကားတွေမှတ်မိ သေးလား၊ ကိုနေလင်းစိုးနဲ့ ချိန်းထားတဲ့နေရာကို မသွားခင်တုန်းက ပြောခဲ့တာလေ၊ သူနဲ့တွေ့မှ သူ့ကိုအကဲခတ်ပြီး အဖြေပေးသင့်ရင် ပေးတော့မယ် ...ဆိုတဲ့စကား"

"အို ...ငါပြောမိလို့လား"

"နင်က သုံးနှစ်လုံးအတိတ်မေ့နေလို့ ဒီစကားကို မနေ့တစ်နေ့ ကပြောသလို မှတ်မိနေမှာပါ စံကားဝါရယ်၊ ငါတောင် သုံးနှစ်ကြာတဲ့အထိ မှတ်မိနေသေးတာကို"

"အို ..."



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီး နင် ဆက်ပြောခဲ့သေးတယ်လေ၊ လူချင်းတွေ့ရင် ကိုနေလင်းစိုးက ငါ့ကို ချစ်ရေးဆိုဦးမှကို . . . ဆိုတာလေ"

"တော်ပါတော့ ကေသီရယ်"

စံကားဝါက ကေသီ့ပန်းကို ရိုက်ရင်းမှပြောလိုက်သည်။ ရှက်စိတ်ဖြင့် စံကားဝါသည် ခေါင်းမဖော်ပုံဘော့ပဲ ခေါင်းကိုငုံ့ထားလေ၏။

"ကဲ အဲဒီတော့ ကိုနေလင်းစိုးကလည်း ကန်တော်ကြီးခေါ် သွားပြီး စံကားဝါ့ကို ချစ်ရေးဆိုဖြစ်အောင် ဆိုပေတော့ သွားကြ၊ သွားကြ လွန်ခဲ့တဲ့သုံးနှစ်က ပြောရဆိုရလုပ်ရမယ့်ကိစ္စတွေကို အတိုးချပြီး သွားလုပ်ကြတော့၊ ငါတော့မလိုက်တော့ဘူး။ အခြေအနေကို ညကျမှ ဖုန်းဆက်ပြီး မေးလိုက်တော့မယ်နော်"

"ကေသီက မကောင်းဘူးကွာ၊ တကယ်ပဲ"

"ရှက်မနေပါနဲ့ စံကားဝါရယ်၊ ကေသီ့ကိုရှက်ရင်လည်း ကိုယ်တို့ နှစ်ယောက်တည်း စကားပြောလို့ရအောင် ကန်တော်ကြီးကို သွားကြပါစို့ ကိုယ်အန်တီ့ဆီက ခွင့်တောင်းလိုက်မယ်နော်"

နေလင်းစိုးက စံကားဝါ့အမေဆီမှခွင့်တောင်းရန် အိမ်နောက်ဖက်သို့ ထွက်သွားလေသည်။

"စိတ်ကူးမလွဲနဲ့ စံကားဝါ၊ နင်အစစအရာရာမှာ သုံးနှစ်နောက်ကျနေပြီ၊ ငါတို့ကိုအမှီသာလိုက်ပေတော့၊ ဟီး ဟီး ငါလည်း ရှေ့လ ဆို လက်ထပ်တော့မှာဟ"

"ဟင် . . . ဘယ်သူနဲ့လဲ"

"နင်အတိတ်မေ့နေဟဲ့အချိန်မှာ တွေ့တဲ့ငါ့ချစ်သူကို နင်သိမှာ မဟုတ်သေးဘူး။ နောက်မှ ငါမိတ်ဆက်ပေးတော့မယ်လေ"





နေလင်းစိုး အိမ်နောက်ဘက်မှ ပြန်ထွက်လာသည်။

"အန်တီက သွားဖို့ခွင့်ပြုလိုက်ပြီ စံကားဝါ၊ သွားကြစို့"

စံကားဝါက ရှက်နေပြီး ထိုင်ရာမှ ထမလာသေးချေ။

"ကဲပါ၊ လိုက်သွားစမ်းပါ စံကားဝါရယ်၊ နင်ရှက်နေရင် ကန်တော်ကြီးမှာ နှစ်ယောက်တည်းရှိတဲ့အချိန်ကျမှ ကိုနေလင်းစိုးကို အဖြေပေးလိုက်တော့၊ ကိုနေလင်းစိုးကလည်း ကန်တော်ကြီးရောက်မှ စံကားဝါ့ကို အေးအေးဆေးဆေး ချစ်ရေးဆိုတော့နော်"

ကေသီလှိုင်နောက်နေသည့်စကားများကြောင့် စံကားဝါက ပိုပြီး ရှက်လို့နေပြန်သည်။

"ဟုတ်ပါတယ် စံကားဝါရယ်၊ ဘာမှရှက်မနေပါနဲ့တော့၊ ချစ်သူချင်းချစ်စကားပြောတာ ရှက်စရာမဟုတ်ပါဘူး"

"အို . . ."

နေ့တမာန်

www.burmeseclassic.com